မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၈ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၇၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မြစ်ကြီးနား-ပူတာအိုလမ်း

၁၂လရာသီ သွားလာနိုင်ရေး အလေးထားဆောင်ရွက်

နေပြည်တော် ဇူလိုင် ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၄ရက်တွင် မြစ်ကြီးနားမြို့နယ် ပိတောက်ဒေသရှိ ပုဂ္ဂလိက ရော်ဘာစိုက်ခင်းသို့ရောက်ရှိရာ တာဝန်ရှိသူများက ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုနှင့် ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို လိုက်လံ ရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားသည်။

နှုတ်ဆက်အားပေး

ထို့နောက် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီးက ကျောင်းပင်မစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် ဘာသာရပ်အလိုက် သင်ကြားပို့ချပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆရာ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ✻

ပဲခူးတိုင်းအတွင်းရှိ လယ်မြေနှင့် သီးနှံဧက သုံးသိန်းငါးသောင်းကျော်ကို သီးထပ်သီးညှပ်များစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေ ပေးဝေလျက်ရှိသည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုလျက်ရှိသည့် ရဲနွယ်ရေလှောင်တမံ၏ ရှုမငြီးဖွယ်မြင်ကွင်းအလှ....။

တန်ဖိုးမဖြတ်နိုင်သည့် ဆည်တမံကဏ္ဍ မြှင့်တင်ဆောင်ရွက်မှုများ

➢ သတင်းဆောင်းပါး - မောင်မောင်မျိုး (ပဲခူး)
➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၇

သဘာဝမြေသယံဇာတ၊ ရေသယံဇာတ ပေါများလှသည့် မြန်မာနိုင်ငံသည် ပထဝီဝင်မြေအနေအထားနှင့် တောတောင်ရေမြေ သဘာဝအရ စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

တည်ဆောက်

နိုင်ငံတော်အစိုးရအနေဖြင့် အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် စိုက်ပျိုးရေးကဏ္ဍအတွက် အထောက်အကူပြုနိုင်ရန် စိုက်ပျိုးရေရရှိရေး ဆည်တမံစီမံကိန်း၊ မြစ်ရေတင်စီမံကိန်းနှင့် မြေအောက်ရေရရှိရေး စီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ခေတ်အဆက်ဆက် တည်ဆောက်ပြီးစီးခဲ့သည့် ဆည်မြောင်းလုပ်ငန်းများကို လေ့လာကြည့်လျှင် ရှေးမြန်မာမင်းများလက်ထက်မှစ၍ ၁၉၆၂ခုနှစ်အထိ ဆည် ၆၉ခုရှိပြီး အကျိုးပြုမြေဧရိယာ ၈၅၃၂၈၄ ဧကရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ထို့အတူ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဆည်တမံပေါင်း ၆၉ခုသာ တည်ဆောက်နိုင်ခဲ့ပြီး အကျိုးပြုမြေဧရိယာ ၄၈၂၈၁၅ဧကသာရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

8-7 (01).pmd 1 7/8/2010, 3:29 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၈ ရက်)

စိုက်ပျိုးမြေများတိုးချဲ့ဖော်ထုတ်၊ သီးနှံစိုက်ဧကများ တိုးမြှင့်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။

နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မြှင့် တိုးတက်အောင်မြင်ရေးအတွက် စိုက်ပျိုးမြေဧကများ ရှာဖွေတိုးချဲ့ပေးလျက်ရှိသည်။ သီးနှံအထွက်နှုန်းတိုးတက်စေရေးအတွက် စိုက်ပျိုးနည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် ဓာတ်မြေဩဇာရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးရေရရှိရေးအတွက်လည်း ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းနှင့် မြေအောက်ရေရရှိရေးလုပ်ငန်းများကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ကချင်ပြည်နယ် တနိုင်းမြို့နယ် (၅)မိုင်၌ ဇူလိုင်လ ၁ ရက်နေ့က ဆင်းဧကရီ(၃) ပျိုးပင်များ စုပေါင်းပျိုးထောင် စိုက်ပျိုး၍လည်းကောင်း၊ မိုးကောင်းမြို့နယ် မန်ရွက်ကျေးရွာအုပ်စုတွင် ဆင်းဧကရီ (၃) စပါးမျိုးကို စိုက်ပျိုး၍လည်းကောင်း မိုးစပါးစုပေါင်းစိုက်ပျိုးပွဲများကို ကျင်းပခဲ့သည်။

ထို့အတူ ဇူလိုင်လ ၄ ရက်နေ့ကလည်း ဧရာဝတီတိုင်း လပွတ္တာမြို့နယ် လပွတ်ပြေးလဲပျောက် ကျေးရွာအုပ်စုတွင်လည်းကောင်း၊ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကျုံဖားရိုးကျေးရွာရှိ စံပြကွက်ဧက ၁၀၀၀တွင်လည်းကောင်း မိုးစပါးစုပေါင်းစိုက်ပျိုးခဲ့ကြသည်။

နိုင်ငံတော်၏ စပါးကျီဖြစ်သော ဧရာဝတီတိုင်းတွင် မိုးစပါးစိုက်ပျိုးရန် ၃၇၁၀၇၆၃ဧက လျာထားခဲ့ရာ ၁၀၀၆၃၉၄ ဧက စိုက်ပျိုးပြီးဖြစ်သည်။

နိုင်ငံတစ်ဝန်း တစ်နှစ်လျှင် မိုးစပါးနှင့် နွေစပါးစိုက်ဧက သန်း ၂၀ ကျော်ရှိပြီး စပါးတင်း သန်းပေါင်း ၁၅၀၀ကျော် ထွက်ရှိနေပြီဖြစ်သည်။ ဆန်စပါးအပြင် အခြားအဓိကသီးနှံများဖြစ်သော အစေ့ထုတ်ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါတို့ကို စိုက်ပျိုးလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍ မြင့်မားလာသည့်အလျောက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် ကြိုးပမ်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ပြည်တွင်းစားသုံးမှုသာမက ပြည်ပသို့တိုင် တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ ဓမ္မသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **နိဗ္ဗာန်အာရုံပြုနည်း** တရားတော် [အရှင်ဇာနေယျ (ရွှေမိုးညိုဆရာတော်)]
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (White Wolsy Cosmetics မိတ်ဆက်ပွဲအခမ်းအနား)
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၀)
- ၈း၃၀ တိုင်းရင်းစုံညီ ပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ
- ၈း၅၅ Activities in the City (Moe Z ၏ ဒီနေ့နဲ့မနက်ဖြန် တေးစီးရီးမိတ်ဆက်ပွဲ)
- ၉း၁၅ အဓိဋ္ဌာန်ကာရည်မျှော် ဆုတောင်းပြည့်အောင်စေတီတော်
- ၉း၃၀ Science for all လေထုညစ်ညမ်းမှုနှင့် အိုဇုန်းလွှာပေါက်ခြင်း (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ဇင်အောင်)
- ၁၀း၀၀ Rh (Negative) သွေးလိုအပ်ခြင်းအကြောင်းသိကောင်းစရာ (ဒေါက်တာသီတာအောင်)
- ၁၀း၂၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၀း၅၀ ရွှေတောင်စက်ရုံစွမ်းပကား စက်မှု (၁)ရဲ့အား
- ၁၁း၀၀ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
- ၁၁း၂၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ ဒို့အတူ (အင်းလေးဒေသရဲ့ ထူးခြားတဲ့ငါး **ငါးဖိန်း**)
- ၁၁း၃၅ ဈေးဝယ်လမ်းညွှန် (Beauty Bar)
- ၁၁း၅၅ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (အီကလဲယား မုန့်လုပ်နည်း)
- ၁၂း၁၅ ရန်ကုန်မြင်ကွင်းကျယ် (White Wolsy Cosmetics မိတ်ဆက်ပွဲအခမ်းအနား)
- ၁၂း၃၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၄) (အဆုတ်ကင်ဆာ)
- ၁း၀၀ **နိဗ္ဗာန်အာရုံပြုနည်း** တရားတော် [အရှင်ဇာနေယျ (ရွှေမိုးညိုဆရာတော်)]
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-1)
- ၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၀)
- ၄း၂၀ ဂီတသံစဉ်အလှဆင် (တင့်တင့်ထွန်း)
- ၄း၄၀ အဓိဋ္ဌာန်ကာရည်မျှော် ဆုတောင်းပြည့်အောင်စေတီတော်
- ၅း၀၀ တိုင်းရင်းစုံညီ ပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ အနုပညာမိုးကောင်းကင်
- ၆း၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-1)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
- ၉း၀၀ ဂီတသရုပ်ပြခန်း (Too Big Selection)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၄၀)
- ၁၀း၀၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၄) (အဆုတ်ကင်ဆာ)
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၅၀ Sports World
- ၁၁း၁၅ Activities in the City (Moe Z ၏ ဒီနေ့နဲ့မနက်ဖြန် တေးစီးရီးမိတ်ဆက်ပွဲ)
- ၁၁း၃၀ ဈေးဝယ်လမ်းညွှန် (Beauty Bar)
- ၁၁း၄၅ ဂီတသရုပ်ပြခန်း (Too Big Selection)
- ၁၂း၁၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။



ကုန်လှောင်ရုံ ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ အေးရှားဝေါလ်ဆိပ်ခံတံတား ကုန်လှောင်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများ စနစ်တကျစစ်ဆေး
ဆိပ်ကမ်းလုပ်ငန်း မှန်ကန်ချောမွေ့စေရေး ဂရုစိုက်

နေပြည်တော် ဇူလိုင် ၇

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၅ရက် မွန်းလွဲပိုင်းက မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၃)ဗိုလ်အောင်ကျော်တံတားသို့ရောက်ရှိလာပြီး ဗိုလ်အောင်ကျော် ကုန်သေတ္တာစခန်း၌ သွင်းကုန်နှင့် ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ သိုလှောင်ရုံအတွင်း၌ ပစ္စည်းများ စနစ်တကျထားသိုမှု၊ ကုန်သေတ္တာတင် မော်တော်ယာဉ်များကို X-Ray စက်ဖြင့် ဖြတ်သန်းမောင်းနှင် စစ်ဆေးနေမှုနှင့် ဗိုလ်အောင်ကျော်တံတား၌ သင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများ တင်၊ ချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆူးလေ အမှတ်(၅) ဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော သင်္ဘောပေါ်မှ ကုန်ပစ္စည်းများ မော်တော်ယာဉ်ပေါ်သို့ တင်၊ ချနေမှုကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ခံတံတား ကုန်သိုလှောင်ရုံ၌ သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ X-Ray စက်ဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်စစ်ဆေးနေမှုနှင့် သင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများ တင်၊ ချနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေး၊ ဆိပ်ကမ်းလုပ်ငန်းများ မှန်ကန်ချောမွေ့စေရေး ဂရုစိုက်ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများနှောင့်နှေး ကြန့်ကြာမှု မရှိရေးနှင့် လုံခြုံရေး ဂရုပြုရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက်အဆောက်အအုံသစ် သုံးခွဲဖွင့် စာအုပ် စာစောင်နှင့် ရုပ်မြင်သံကြားစက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပုလဲစံပြကျေးရွာ၌ အလှူရှင်များ စုပေါင်းလှူဒါန်းဆောက်လုပ်သည့် ငွေကျပ်သိန်း ၂၀တန်ဖိုးရှိ ပုလဲရတနာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၄ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေ၊ ကျေးရွာဥက္ကဋ္ဌ ဦးစောလွင်နှင့် စာကြည့်တိုက်ကော်မတီဝင် ဒေါ်မြတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ **(ယာပုံ)** အခမ်းအနားတွင် ပုလဲရတနာစာကြည့်တိုက်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မဂ္ဂဇင်းစာအုပ် ၃၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ ၅၀၊ ကျေးရွာဥက္ကဋ္ဌ ဦးစောလွင်က ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ခရမ်းမြို့နေ ဆရာမကြီးဒေါ်အမာကြည် (အငြိမ်းစား)က ဗီဒီယိုတစ်လုံး၊ ရန်ကုန်မြို့နေ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်ဝေမိသားစုက စားပွဲတစ်လုံး၊ ဒေါ်ဖြူဖြူအေးက ခုံတန်းရှည်လေးလုံး၊ သာကေတမြို့နယ်နေ ဦးကျော်ဇောနှင့် အဖွဲ့က ဗီဒီယိုတစ်လုံး၊ သန်လျင်မြို့နေ ဦးစိန်ဝင်းမော်က မဂ္ဂဇင်းစာအုပ် ၂၀၀ လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း ဝေါမြို့နယ်ရှိ လယ်မြေဧက တစ်သောင်းခွဲကို စိုက်ပျိုးရေ ပေးဝေနိုင်ပြီး ရေငန်မဝင်ရောက်နိုင်ရန်နှင့် ရေချိုထိန်းနိုင်ရန် တည်ဆောက်ထားသော ရေတံခါးပေါက် ၄၀ပေါက်ရှိသည့် နဂါးပေါက်ရေထိန်းတံခါး။

● *ရှေ့ဖုံးမှ*

၁၉၈၈ခုနှစ်ကာလတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေ ဧရိယာဧကအနေဖြင့် ၂၃ဒသမ ၈သန်းကျော်သာရှိခဲ့ပြီး မြေလွတ်မြေရိုင်းဧက ၂၆ ဒသမ ၁သန်းခန့် ကျန်နေသေးသည်။ ထိုစဉ်က စပါးစိုက်ဧက ၁၁ ဒသမ ၈သန်းကျော်မျှသာ ရှိခဲ့သောကြောင့် စိုက်ပျိုးရေးစွမ်းအား ကျဆင်းခဲ့ကာ စပါးထုတ်လုပ်မှုသည် တင်းသန်းပေါင်း ၆၃၀ကျော်၌ တန့်နေခဲ့သည်။

၁၉၈၈ခုနှစ် မတိုင်မီ ဆည်တမံပေါင်း ၁၃၈ခုသာရှိပြီး ယင်းဆည်တမံများမှာလည်း အရွယ်အစားသေးငယ်သည့် ဆည်ငယ်၊ ကန်ငယ် အများစုပင်ဖြစ်သည်။ မြစ်ရေတင်စီမံကိန်းများ မရှိခဲ့သည့်အတွက်လည်း ရေသွင်းစိုက်ဧက ၁ ဒသမ ၃သန်းသာ အသုံးချနိုင်ခဲ့သည်။

ရှာဖွေဖော်ထုတ်

နိုင်ငံတော်အစိုးရသည် ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက် လည်းကောင်း၊ ပိုလျှံသီးနှံများ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေရရှိစေရေးအတွက်လည်းကောင်း၊ ဒေသအတွင်း လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက်လည်းကောင်း ဆန်စပါးနှင့် သီးနှံအမျိုးမျိုးကို စိုက်ပျိုး ထုတ်လုပ်လျက်ရှိပြီး ''မြေပိုအသုံးကျဖို့ ရေကိုအသုံးချရမည်'' ဆိုသည့်အတိုင်း လိုအပ်သောစိုက်ပျိုးရေ ရရှိရေးအတွက်လည်း နည်းလမ်းပေါင်းစုံဖြင့် ရှာဖွေဖော်ထုတ် ကြိုးပမ်းလျက်ရှိသည်။

အခြေအနေ

ယခင်က မိုးရေတစ်ခုတည်းကိုသာအားထားပြီး စိုက်ပျိုးကြရသည်ဖြစ်ရာ မိုးနှောင်းတွင် မိုးမရွာသဖြင့် အောင်ရေမရဘဲ ပျက်စီးဆုံးရှုံးခဲ့ကာ စပါးများအထွက်နှုန်းကျဆင်းခဲ့ရသည်။ မိုးတစ်သီးကိုပင် မိုးကောင်းမှ စိုက်ပျိုးနိုင်သည့် အခြေအနေဖြစ်ခဲ့သည်။

အချို့ဒေသများအနေဖြင့် မိုးရွာသွန်းမှုများပြီး နှစ်စဉ်ရေကြီးနစ်မြုပ်မှုကြောင့် ရေနက်ကွင်းဧရိယာ သတ်မှတ်ကာ မိုးရာသီကုန်ဆုံးချိန်မှသာ စိုက်ပျိုးရသည့်အတွက် အောင်မြင်သင့်သလောက် အောင်မြင်ခဲ့ခြင်း မရှိသည်ကို တွေ့ရသည်။ ရေရရှိမှု၊ မရရှိမှုအပေါ်မူတည်၍ စပါးအထွက်နှုန်းသည်လည်း ထက်ဝက်ခန့် ကွာခြားခဲ့သည်။

ထို့ကြောင့် ဆန်စပါးလုပ်ငန်းအပါအဝင် ဘက်ပေါင်းစုံတိုးချဲ့ပြီး ရာသီမရွေးစိုက်ပျိုးနိုင်အောင် ဆည်တမံနှင့် ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေး အစီအမံများကို အမြောက်အမြား တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ဆည်တမံ

ဆည်မြောင်းတာတမံများ တည်ဆောက်ကာ ရေသိုလှောင်၍ လည်းကောင်း၊ မြေအောက်ရေကို စက်ဖြင့်စုပ်တင်၍လည်းကောင်း၊ အဝီစိတွင်း ရေများတူး၍လည်းကောင်း စိုက်ပျိုးရေရရှိရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့သည်။

ပြည်နယ်နှင့်တိုင်းအလိုက် ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ယနေ့ကာလအထိ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်တမံနှင့် ရေထိန်းတံခါးများအနေဖြင့် ကယားပြည်နယ်တွင် နှစ်ခု၊ ကရင်ပြည်နယ်တွင် တစ်ခု၊ ချင်းပြည်နယ်တွင် တစ်ခု၊ စစ်ကိုင်းတိုင်းတွင် ၂၆ခု၊ တနင်္သာရီတိုင်းတွင် တစ်ခု၊ ပဲခူးတိုင်းတွင် ၄၈ခု၊ မကွေးတိုင်းတွင် ၄၇ခု၊ မန္တလေးတိုင်းတွင် ၅၅ခု၊ မွန်ပြည်နယ်တွင် ၁၁ခု၊ ရခိုင်ပြည်နယ်တွင် ခြောက်ခု၊ ရန်ကုန်တိုင်းတွင် ၁၉ခု၊ ရှမ်းပြည်နယ်တွင် ခြောက်ခုနှင့် ဧရာဝတီတိုင်းတွင်ကိုးခု စုစုပေါင်း ၂၃၂ခု ရှိခဲ့ပြီး အကျိုးပြုဧရိယာဧကပေါင်း၂၈၂၇၀၇၆ဧကအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

မြစ်ရေတင်

ဆည်တမံများ တည်ဆောက်ရန်ခက်ခဲသည့် နေရာဒေသများ၌ စိုက်ပျိုးရေရရှိရေးအတွက် အထူးစီမံကိန်း ၂၁ခုအပါအဝင် မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၃၁ခု၊ အကျိုးပြုဧက ၃၅၁၈၃၀နှင့် ဒီဇယ်အင်ဂျင် မြစ်ရေတင်လုပ်ငန်း ၁၉၁ခု၊ အကျိုးပြုဧက ၁၁၅၁၉၈ဧကတို့ကို တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။



မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မြို့ကြီးရေလွှဲဆည်ကို ဤသို့ တွေ့ရသည်။

ပြည်နယ်နှင့် တိုင်းအလိုက် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ ယနေ့ကာလအထိ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်တမံနှင့် ရေထိန်းတံခါးများအနေဖြင့် ကယားပြည်နယ်တွင် နှစ်ခု၊ ကရင်ပြည်နယ်တွင် တစ်ခု၊ ချင်းပြည်နယ်တွင် တစ်ခု၊ စစ်ကိုင်းတိုင်းတွင် ၂၆ခု၊ တနင်္သာရီတိုင်းတွင် တစ်ခု၊ ပဲခူးတိုင်းတွင် ၄၈ခု၊ မကွေးတိုင်းတွင် ၄၇ခု၊ မန္တလေးတိုင်းတွင် ၅၅ခု၊ မွန်ပြည်နယ်တွင် ၁၁ခု၊ ရခိုင်ပြည်နယ်တွင် ခြောက်ခု၊ ရန်ကုန်တိုင်းတွင် ၁၉ခု၊ ရှမ်းပြည်နယ်တွင် ခြောက်ခုနှင့် ဧရာဝတီတိုင်းတွင် ကိုးခု စုစုပေါင်း ၂၃၂ခု ရှိခဲ့ပြီး အကျိုးပြု ဧရိယာဧကပေါင်း ၂၈၂၇၀၇၆ ဧကအထိ တိုးတက်လာခဲ့ပြီ။

ပြည်နယ်နှင့် တိုင်းအလိုက် ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ယနေ့ကာလအထိ ဆောင်ရွက်ပြီးစီးခဲ့သည့် မြစ်ရေတင်လုပ်ငန်း အရေအတွက်အားဖြင့် ကချင်ပြည်နယ်တွင် ငါးခု၊ ကယားပြည်နယ်တွင် သုံးခု၊ ကရင်ပြည်နယ်တွင် ခြောက်ခု၊ စစ်ကိုင်းတိုင်းတွင် ၅၅ခု၊ တနင်္သာရီတိုင်းတွင် ၁၁ခု၊ ပဲခူးတိုင်းတွင် ၅၆ခု၊ မကွေးတိုင်းတွင် ၅၁ခု၊ မန္တလေးတိုင်းတွင် ၇၅ခု၊ မွန်ပြည်နယ်တွင် ငါးခု၊ ရခိုင်ပြည်နယ်တွင် လေးခု၊ ရန်ကုန်တိုင်းတွင် ၂၃ခု၊ ရှမ်းပြည်နယ်တွင် လေးခုနှင့် ဧရာဝတီတိုင်းတွင် ၂၄ခု စုစုပေါင်း ၃၂၂ခုရှိခဲ့ပြီး အကျိုးပြုဧရိယာဧကပေါင်း ၄၆၇၀၂၈ဧကအထိ တိုးတက်အကျိုးပြုနိုင်ခဲ့ပြီ ဖြစ်သည်။

မြေအောက်ရေ

၁၉၈၈ခုနှစ်နောက်ပိုင်းမှ ယနေ့ကာလအထိ မြေအောက်ရေ ထုတ်ယူသုံးစွဲရေး လုပ်ငန်းများအနေဖြင့် စိုက်ပျိုးမြေဧက ၉၈၃၃၅ဧကကို ရေပေးဝေနိုင်သော တွင်းတိမ် စက်ရေတွင်း ၂၉၇၉တွင်းနှင့် တွင်းနက် ၅၀၃၃တွင်း စုစုပေါင်းရေတွင်း ၈၀၁၂တွင်းကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁သို့

8-7 (03).pmd 1 7/8/2010, 3:29 AM

အီရတ် – အာဖဂန် သတင်းများ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၇ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၂၁၀၈ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၉၅၀၂ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၂၁၀၈ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၉၅၀၂ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇူလိုင် ၇

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၇ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၉၆၁ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၅၂၁ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၉၆၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၅၂၁ ဦး

(အင်တာနက်)

အီရတ်အုပ်ချုပ်ရေးရုံး၌ ဗုံးဖောက်ခွဲမှု လေးဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်၌ အားပြင်းသည့်ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရသည်ဟု အာဏာပိုင်အဖွဲ့က ဇူလိုင် ၆ရက်တွင် ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် ဇူလိုင် ၅ရက်တွင် အန်ဘာပြည်နယ် ရာမာဒီမြို့ရှိ အုပ်ချုပ်ရေးရုံး ညှိနှိုင်းတိုင်ပင်ဆိုရေးနေရာ၌ အမျိုးသမီး ဗုံးဖောက်ခွဲရေးသမားက အသေခံဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ဖော်ပြောကြားချက်ကို သတင်းဌာနများက ဖော်ပြသည်။

တိုးလာ

ပြင်းထန်စွာဒဏ်ရာရရှိသူများတွင် အမျိုးသမီးများနှင့် ကလေးငယ်များပါဝင်ကြောင်း၊ သေဆုံးသူအရေအတွက် တိုးလာနိုင်ဖွယ်ရှိသည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင် အီရတ်နိုင်ငံသို့ ရုတ်တရက်ရောက်ရှိလာစဉ်အတွင်း ယင်းကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အရှိန်မြင့်လုပ်ဆောင်

အီရတ်နိုင်ငံသို့ အမေရိကန်ဦးဆောင်သောတပ်များ စတင်ဝင်ရောက်ကျူးကျော်ခဲ့သည့် ခုနစ်နှစ်တာကာလအတွင်း အကြမ်းဖက်ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် သေဆုံးမှုများမှာ ယခုတိုင် အရှိန်မြင့်လုပ်ဆောင်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အပျက်အစီး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်-ပါကစ္စတန်နှစ်နိုင်ငံ အကြမ်းဖက်နှိမ်နင်းမှု ပူးတွဲစစ်ရေးလေ့ကျင့်

ယီချွမ် ဇူလိုင် ၇

တရုတ်-ပါကစ္စတန် အကြမ်းဖက်နှိမ်နင်းမှု ပူးပေါင်းစစ်ရေးလေ့ကျင့်မှုကို ဇူလိုင် ၅ရက်က တရုတ်နိုင်ငံ နန်စီဟူကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ပြုလုပ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

တက်ရောက်

၂၀၁၀ မိတ်ဖက်နိုင်ငံချင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် တရုတ်-ပါကစ္စတန်နှစ်နိုင်ငံအကြား တတိယအကြိမ်မြောက် ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းဖြစ်ပြီး အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နှစ်နိုင်ငံတပ်ဖွဲ့ဝင်များနှင့် စစ်ဘက်ပွဲကြည့်ပရိသတ်အပါအဝင် လူပေါင်း ၂၀၀ကျော် တက်ရောက်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

မြှင့်တင်ပေးမည်

ယင်းသို့ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုကြောင့် နှစ်နိုင်ငံအကြား စစ်ရေးဆိုင်ရာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု တိုးမြင့်လာစေပြီး စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း တရုတ်စစ်ဒေသမှူး ဝမ်ဂူရှန်က ပြောကြားသည်။

တရုတ်-ပါကစ္စတန် အကြမ်းဖက်နှိမ်နင်းမှု ပူးပေါင်းစစ်ရေးလေ့ကျင့်မှု ပထမအကြိမ်ကို ၂၀၀၄ ခုနှစ်မှစတင်ခဲ့ပြီး တပ်ဖွဲ့ဝင် ၂၀၀ခန့်ပါဝင်ကာ ၂၀၀၆ခုနှစ်တွင် ဒုတိယအကြိမ်စစ်ရေးလေ့ကျင့်မှု၌ တပ်ဖွဲ့ဝင် ၄၀၀ ကျော်ပါဝင်ခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန် စစ်ဆင်ရေး၌ မူးယစ်ဆေး ၁၆တန်ကျော် သိမ်းဆည်းရမိ

ကဘူးလ် ဇူလိုင် ၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟယ်လ်မန့်ပြည်နယ် ဒက်ဟူးခရိုင်၌ အာဖဂန်တပ်ဖွဲ့နှင့် နေတိုးဦးဆောင်သော တပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေးအတွင်း အကြမ်းဖက်သမား ၆၃ ဦးသေဆုံးသည်ဟု ဇူလိုင် ၆ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဖမ်းဆီး

အဆိုပါစစ်ဆင်ရေးအတွင်း၌ အကြမ်းဖက်သမား ၁၀ ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်ဟုဆိုသည်။

ဖျက်ဆီး

နှစ်ရက်ကြာထိုးစစ်ဆင်သည့် တိုက်ပွဲအတွင်း ဆေးခြောက်နှင့်ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါး ၁၆ တန်ကျော်ကို သိမ်းဆည်းရမိပြီး ဘိန်းချက်စက်ရုံနှစ်ရုံကိုလည်း ဖျက်ဆီးခဲ့သည်ဟု ဆင်ဟွာသတင်း၌ဖော်ပြသည်။

ဖော်ပြခြင်းမရှိ

ဖမ်းဆီးခံခဲ့ရသည့် တာလီဘန်ခေါင်းဆောင်မှာ မည်သည့်အဆင့်ရှိကြောင်းကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အမ်အင်န်အေ၊ ဆင်ဟွာ

ပါကစ္စတန်နိုင်ငံ ခိုင်ဘာဒေသ၌ နေတိုးအဖွဲ့၏ စက်သုံးဆီတင်ယာဉ်တန်းကို ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပေါက်ကွဲမီးလောင်မှုဖြစ်ပွားနေသည်ကို ဇူလိုင် ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်မြောက်ပိုင်းဒေသတွင် အသေခံဗုံးဖောက်ခွဲ ခြောက်ဦးဒဏ်ရာရရှိ

မိုဆူးလ် ဇူလိုင် ၇

အီရတ်နိုင်ငံ နိုင်ဗေးပြည်နယ် မိုဆူးလ်မြို့ရှိ ရဲတပ်ဖွဲ့ဌာနချုပ်တွင် ဗုံးဖောက်ခွဲသူတစ်ဦးက အသေခံဗုံးဖောက်ခွဲရာ ခြောက်ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

ကြိုးစား

မိုဆူးလ်မြို့လယ်ရှိအယ်လ်-ဟက်ဘာ ရဲတပ်ဖွဲ့၏ ဝင်ပေါက်ရှိ စစ်ဆေးရေးဂိတ်သို့ အသေခံဗုံးဖောက်ခွဲသူက ဖျော်ရည်ရောင်းသူသဏ္ဌာန်ရုပ်ဖျက်၍ ချဉ်းကပ်ရန်ကြိုးစားခဲ့သည်ဟု ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဒဏ်ရာရရှိ

စစ်ဆေးရေးဂိတ်ရှိ ရဲတပ်ဖွဲ့ဝင်များက ၎င်းအားသေနတ်ဖြင့် ပစ်ခတ်ပြီး ဖောက်ခွဲပစ္စည်းများထည့်ထားသည့် ၎င်း၏ အင်္ကျီကို ဖောက်ခွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားလေးဦး ဒဏ်ရာရရှိကြသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ ကန်တပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ကဘူးလ် ဇူလိုင် ၇

အာဖဂန်နစ္စတန်နိုင်ငံ ဇာဘူးလ်ပြည်နယ်၌ အမေရိကန်တပ်ဖွဲ့၏ ထောက်ပံ့ရေးယာဉ်တန်းကို တာလီဘန်အကြမ်းဖက်သမားတို့ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးသေဆုံးကြောင်း ဇူလိုင် ၇ရက်တွင် စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့သို့ ထောက်ပံ့ပေးပို့သည့် လောင်စာဆီတင်ယာဉ်သည် ပါကစ္စတန်နယ်စပ်ဒေသအနီးမှ ဖြတ်သန်းလာစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု ပါကစ္စတန်နိုင်ငံပိုင်သတင်းစာ၌ ဖော်ပြသည်။

အာဖဂန်နစ္စတန်ရှိ နိုင်ငံစုံတပ်ဖွဲ့အတွက် ထောက်ပံ့ရေးပစ္စည်းများပေးပို့သည့် ယာဉ်တန်းနှင့် နေတိုးလောင်စာဆီတင်ယာဉ်တန်းများကို စစ်သွေးကြွများက မကြာခဏတိုက်ခိုက်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

တာလီဘန်တို့အပေါ် အောင်ပွဲခံနိုင်ရန် တိုက်ခိုက်မည်ဟု နေတိုးတပ်မှူးသစ် ပြောကြား

ကဘူးလ် ဇူလိုင် ၇

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အကူအညီပေးတပ်ဖွဲ့(အိုင်ဆက်)၏ တပ်မှူးသစ် အမေရိကန်ဗိုလ်ချုပ်ကြီးဒေးဗစ်ပတ်ထရီယက်က တာလီဘန်စစ်သွေးကြွများနှင့် အပေါင်းပါ အယ်လ်ခိုင်ဒါသောင်းကျန်းသူ နှိမ်နင်းရေးဆင်နွှဲသည့်စစ်ပွဲ အောင်နိုင်ရမည်ဟု ဇူလိုင် ၆ရက်တွင် သန္နိဋ္ဌာန်ချမှတ်လိုက်သည်။

ပြသ

အယ်လ်ခိုင်ဒါနှင့် ၎င်း၏အစွန်းရောက်ကွန်ရက်အနေဖြင့် အာဖဂန်ပြည်သူလူထုနှင့် ကမ္ဘာတစ်ဝန်းရှိ လွတ်လပ်ရေးမြတ်နိုးသူများအား တိုက်ခိုက်ရန် အာဖဂန်နစ္စတန်နိုင်ငံတွင် ခိုလှုံခွင့်ထပ်မံပေးတော့မည်မဟုတ်ကြောင်း၊ အာဖဂန်ပြည်သူတို့နှင့် ကမ္ဘာတစ်ဝန်းကို မိမိတို့ ပြသရမည်ဖြစ်ကြောင်းစသည်ဖြင့် ဗိုလ်ချုပ်ကြီးပတ်ထရီယက်က ပြောကြားသည်။

ပြောကြား

မိမိတို့အနေဖြင့် အကောင်းဆုံးသော ဦးဆောင်မှုနှင့် ညွှန်ကြားမှုပေးနိုင်မည့် အရာအားလုံးကို လုပ်ဆောင်မည်ဟု သန္နိဋ္ဌာန်ချမှတ်ထားကြောင်း ၎င်းက အမေရိကန်တပ်ဖွဲ့ဝင်များ၊ ရေတပ်တပ်ဖွဲ့ဝင်များ၊ လေကြောင်းတပ်ဖွဲ့ဝင်များ၊ မရိန်းကမ်းတက်အဖွဲ့ဝင်များနှင့် အိုင်ဆက်တပ်ဖွဲ့ဝင်များအား ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်မြောက်ပိုင်း၌ မိုင်းဗုံးထောင်စဉ်ပေါက်ကွဲ စစ်သွေးကြွသုံးဦးသေဆုံး

ကဘူးလ် ဇူလိုင် ၇

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ကွန်ဒုဇ်ပြည်နယ်တွင် စစ်သွေးကြွသုံးဦး မိုင်းဗုံးထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ပရက်စ်သတင်းဌာနက ဇူလိုင် ၆ရက်တွင် ဖော်ပြသည်။

ချန်ဒါရာပြည်နယ် နာဟာအီဆု ကျေးရွာလမ်းမကြီးပေါ်တွင် ဇူလိုင် ၅ရက် မွန်းလွဲပိုင်းက စစ်သွေးကြွအုပ်စုတစ်စုသည် မိုင်းဗုံးထောင်ရန် ပြုလုပ်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပရက်စ်သတင်းဌာနက ထပ်မံဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရန် ခရီးသည်လေယာဉ် လောင်စာဆီဖြည့်ရေး နိုင်ငံအချို့ ငြင်းဆန်

တီဟီရန် ဇူလိုင် ၇

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအပေါ် တစ်ဖက်သတ် အရေးယူပိတ်ဆို့မှု ပြုလုပ်ပြီးသည့်နောက် နိုင်ငံတကာလေဆိပ်အချို့က အီရန်ခရီးသည်တင်လေယာဉ်များသို့ လောင်စာဆီဖြည့်ဆည်းပေးရန် ငြင်းဆန်ခဲ့ကြကြောင်း အီရန်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဇူလိုင် ၆ရက်တွင် ပြောကြားသည်။

ငြင်းဆန်

အမေရိကန်က အီရန်အပေါ်တစ်ဖက်သတ်အရေးယူပိတ်ဆို့မှု အတည်ပြုခဲ့ပြီးနောက် ဗြိတိန်၊ ဂျာမနီ၊ ကူဝိတ်နှင့် အာရပ်စော်ဘွားများနိုင်ငံရှိ လေဆိပ်များက ယင်းတို့၏လေကြောင်းပိုင်နက်မှ ပျံသန်းလာကြသည့် အီရန်လေယာဉ်များအား လောင်စာဆီဖြည့်ဆည်းရန် ငြင်းဆန်ကြသည်ဟု အီရန်လေကြောင်းသမဂ္ဂ အတွင်းရေးမှူး အလီယာရီက ပြောကြားသည်။ **(အင်တာနက်)**

ပန်းချီပြပွဲ

တရုတ်နိုင်ငံ ကျိုကျန်းပြည်နယ် ဟန်ကျိုးမြို့၌ ကျင်းပသည့် ပန်းချီပြပွဲကို ဇူလိုင် ၇ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် ဘရာဇီးနှင့်ကင်ညာ သမ္မတတို့ဆွေးနွေး

နိုင်ရိုဘီ ဇူလိုင် ၇

ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားသည် အာဖရိကတိုက်ခရီးစဉ်၏ တတိယခရီးထောက်အဖြစ် ကင်ညာနိုင်ငံသို့ ဇူလိုင် ၆ရက်က ရောက်ရှိလာသည်။

ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားသည် ကိတ်ဗာဒီ၌ ဇူလိုင်လဆန်းက ကျင်းပသော အနောက်အာဖရိကနိုင်ငံများ စီးပွားရေးအဖွဲ့ (အီကိုဝက်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗား

ဆွေးနွေး

သမ္မတ လူလာဒါဆီးလ်ဗားသည် ကင်ညာသမ္မတ ကီဘာကီနှင့် ဇူလိုင် ၆ ရက်တွင်တွေ့ဆုံပြီး လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ အခြေခံအဆောက်အအုံ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေးကြသည်။

ထို့ပြင် ခေါင်းဆောင်နှစ်ဦးတို့သည် ရာသီဥတုပြောင်းလဲမှု၊ ကုလသမဂ္ဂပြုပြင်ဖွဲ့စည်းရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စများ၊ အရှေ့အာဖရိကအသိုင်းအဝိုင်းနှင့် ဆက်နွယ်သည့်ကိစ္စများကိုလည်း ထည့်သွင်းဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။

တိုးတက်

နှစ်နိုင်ငံ ကုန်သွယ်ရေးမှာ ၂၀၀၈ ခုနှစ်ကတည်းက မြင့်တက်ခဲ့သည်ဟုဆိုသည်။

(အင်တာနက်)

ပင်လယ်နီဒေသ၌ ရေနံတင်သင်္ဘော ဆိုမာလီဓားပြများ အပိုင်စီး

မိုဂါဒစ်ရှူး ဇူလိုင် ၇

ဖိလစ်ပိုင်သင်္ဘောသား ၁၈ဦးနှင့်အတူ မာရှယ်ကျွန်းစုအလံ လွှင့်ထူထားသည့် ဓာတုဗေဒ ကုန်တင်သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက ပင်လယ်နီဒေသတွင် အပိုင်စီးလိုက်ကြောင်း ဥရောပသမဂ္ဂ ပင်လယ်ဓားပြနှိမ်နင်းရေး အထူးတပ်ဖွဲ့(အီးယူနက်ဖော်)က ပြောကြားသည်။

ပင်လယ်ဓားပြများက လက်နက်ငယ်များဖြင့် ဇူလိုင် ၄ရက် စောစောပိုင်းက ဘက်ဘယ်လ်မန်ဒက်ဒေသတွင် ပစ်ခတ်သည်ဟု မော်တီဗေတာသင်္ဘောက သတင်းပေးပို့ကြောင်း၊ ယင်းဒေသသည် အာရေဗျကျွန်းဆွယ်နှင့် အာဖရိကဦးချိုဒေသအတွင်းရှိကြောင်း အီးယူနက်ဖော်၏ ကြေညာချက်တွင်ပါရှိသည်။

ဖော်ပြ

ယင်းကဲ့သို့ တိုက်ခိုက်မှုသတင်းများရရှိပြီးနောက် မော်တီဗေတာသင်္ဘောနှင့် ဆက်သွယ်ရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိဟု ကြေညာချက်တွင်ဆက်လက်ဖော်ပြထားသည်။ စင်ကာပူအလံလွှင့်ထူထားသည့်သင်္ဘော အေဒင်ပင်လယ်ကွေ့တွင် ဖမ်းဆီးခံရပြီးနောက် တစ်ပတ်အတွင်း မော်တီဗေတာသင်္ဘော အပိုင်စီးခံရခြင်းဖြစ်သည်။ **(အင်တာနက်)**

သရုပ်ပြပျံသန်း

ဖိလစ်ပိုင်နိုင်ငံ၏ (၆၃)နှစ်မြောက် လေတပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပါဆေးမြို့ လေတပ်အခြေစိုက်စခန်း၌ သရုပ်ပြပျံသန်းသည့် ရဟတ်ယာဉ်များကို ဇူလိုင် ၇ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အီဂျစ်က ဂါဇာကမ်းမြောင်ရှိ လိုဏ်ခေါင်း ၄၀၀ ခန့်ဖျက်ဆီး

ကိုင်ရို ဇူလိုင် ၇

အီဂျစ်နယ်စပ်နှင့် ထိစပ်လျက်ရှိသည့် ဂါဇာကမ်းမြောင်ကို ဖြတ်သန်းဖောက်လုပ်ထားသည့် ရာနှင့်ချီရှိသော ပါလက်စတိုင်းလိုဏ်ခေါင်းများကို အီဂျစ်က ဖျက်ဆီးပစ်လိုက်သည်။ အစ္စရေးနှင့် အီဂျစ်တို့က ပူးပေါင်းပြီး ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ခဲ့ခြင်းဖြစ်သည်ဟု ဆင်ဟွာသတင်း၌ ဇူလိုင် ၇ရက်က ဖော်ပြသည်။

ယင်းလိုဏ်ခေါင်းများမှတစ်ဆင့် ကုန်ပစ္စည်းနှင့် လက်နက်များ ၂၀၁၀ ခုနှစ် နှစ်စတွင် မှောင်ခိုခိုးထုတ်လျက်ရှိသည့် သတင်းများ ပေါ်ထွက်လာပြီးနောက် အီဂျစ်အာဏာပိုင်များက ဥမင်လိုဏ်ခေါင်း ၄၀၀ ခန့်ကို ဖျက်ဆီးခဲ့သည်ဟု ဇူလိုင် ၄ ရက်တွင် ကြေညာသည်။

သွင်းယူ

အစ္စရေးက နှစ်ပေါင်းများစွာ ဂါဇာကမ်းမြောင်အား ဝိုင်းဝန်းပိတ်ဆို့မှုကြောင့် ဆင်းရဲနွမ်းပါးသည့် ပြည်သူလူထုမှာ နယ်စပ်ဖြတ်ကျော်လိုဏ်ခေါင်းများမှတစ်ဆင့် ၎င်းတို့လိုအပ်သော ပစ္စည်းများကို အားကိုးတကြီး သွင်းယူနေရသည်။

ဖြည့်ဆည်းပေး

အီဂျစ်ကယင်းဒေသအား ပုံမှန်စီးနင်းရှာဖွေမှုများပြုလုပ်သော်လည်း တစ်ခါတစ်ရံတွင် ပါလက်စတိုင်းပြည်သူများအတွက် ရေနှင့်ဓာတ်ငွေ့ ဖြည့်ဆည်းပေးခဲ့သည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် စုစည်းသည်

ဂျာမနီသမ္မတသစ် ပြင်သစ်သို့ သွားရောက်လည်ပတ်မည်

ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီ၏ ဖိတ်ကြားချက်အရ ဂျာမနီသမ္မတသစ် ခရစ္စတင်းဝုပ်ဖ်သည် မကြာမီရက်ပိုင်းအတွင်း ချစ်ကြည်ရေးအလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင် ၇ ရက်၌ သတင်းထုတ်ပြန်သည်။

ကိုင်ရို အနောက်တောင်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား

အီဂျစ်နိုင်ငံကိုင်ရိုမြို့ အနောက်တောင်ပိုင်းတွင် ဇူလိုင် ၇ ရက်က သေနတ်သမားတစ်ဦး၏ပစ်ခတ်မှုကြောင့် ခြောက်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ သေနတ်သမားအား ဖမ်းဆီးထားကြောင်း ကိုင်ရိုရဲတပ်ဖွဲ့က ပြောကြားသည်။

အာရပ်ကမ္ဘာ၌ ရုပ်မြင်သံကြားလိုင်းသစ်ထုတ်လွှင့်မည်

ဆော်ဒီအာရေဗျနိုင်ငံမှ ဆော်ဒီမင်းသား အယ်ဝါလီဒ်ဘင်တာလယ် ပိုင်ဆိုင်သော ကင်းဒမ်းဟိုးလ်ဒင်းအုပ်စုမှ အာရပ်ကမ္ဘာအတွက် ၂၄ နာရီထုတ်လွှင့်မည့် ရုပ်မြင်သံကြားလိုင်းသစ်ကို အာရေဗျဘာသာစကားဖြင့် ထုတ်လွှင့်မည်ဖြစ်ကြောင်း ဆော်ဒီအရာရှိများက ဇူလိုင် ၇ ရက်၌ ပြောကြားသည်။

ဘရာဇီးနှင့်ကင်ညာ ဇီဝဒီဇယ် ပူးတွဲထုတ်လုပ်မည်

ကင်ညာနိုင်ငံတွင် ဇီဝဒီဇယ်ထုတ်လုပ်နိုင်ရေးအတွက် ဘရာဇီးက ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ပူးတွဲလုပ်ကိုင်မှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက ဇူလိုင် ၇ ရက်က ပြောကြားသည်။

ပါပူဝါနယူးဂီနီကမ်းလွန်၌ လျှော်လှုပ်

ပါပူဝါနယူးဂီနီနိုင်ငံကမ်းလွန်တွင် ဇူလိုင် ၇ ရက်က ရစ်ချ်တာစကေး ၆ အင်အားရှိသော လျှော်လှုပ်သွားကြောင်း၊ သို့သော် ဆူနာမီသတိပေးချက်ထုတ်ပြန်ထားခြင်းမရှိကြောင်း ပါပူဝါနယူးဂီနီအရာရှိများက ပြောကြားသည်။

တရုတ်၌ အပူလှိုင်းကျရောက်နိုင်ကြောင်း သတိပေး

တရုတ်နိုင်ငံနေရာဒေသအများအပြား၌ ယခုရက်ပိုင်းအတွင်း အပူလှိုင်းကျရောက်နိုင်ကြောင်း၊ အပူချိန် ၃၅ ဒီဂရီမှ ၃၈ ဒီဂရီဆဲစီးရပ်စ်အထိ ရောက်ရှိနိုင်ကြောင်း၊ အထူးသဖြင့် ယန်စီမြစ်အနီးဝန်းကျင်ဒေသများ၊ ရှန်ဟိုင်းနှင့် ချုံကျင်မြို့များအပါအဝင် ပြည်နယ်အချို့တို့၌ အပူဒဏ်ခံစားရနိုင်ကြောင်း ဇူလိုင် ၇ရက်၌ သတင်းထုတ်ပြန်သည်။

ဆော်လမွန်ကျွန်းသို့ နယူးဇီလန်တပ်ဖွဲ့စေလွှတ်

ဆော်လမွန်ကျွန်းသို့ နယူးဇီလန်တပ်ဖွဲ့ဝင် ၃၇ ဦးအား လုံခြုံရေးနှင့်တည်ငြိမ်ရေးတို့ ရရှိစေရန် ကူညီသည့်အနေဖြင့် စေလွှတ်ပေးမည်ဖြစ်ကြောင်း နယူးဇီလန်စစ်ဘက်က ဇူလိုင် ၇ရက်၌ ပြောကြားသည်။

ဘိုလီးဗီးယားတောင်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

ဘိုလီးဗီးယားနိုင်ငံတောင်ပိုင်း ကိုချာဘမ်ဘာဒေသတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်နေသော ရဟတ်ယာဉ်တစ်စင်း ဇူလိုင် ၇ ရက်က မတော်တဆပျက်ကျမှုဖြစ်ပွားရာ လုံခြုံရေးတပ်ဖွဲ့ဝင်ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘိုလီးဗီးယားအရာရှိများက ပြောကြားသည်။

ပါကစ္စတန် ပက်ရှ်ဝါမြို့ ကားပြပွဲ၌ ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့ကားပြပွဲ၌ ဇူလိုင် ၇ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကားငါးစီးပျက်စီးပြီး လူ ၂၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း၊ သံသယရှိသူတစ်ဦးကို ဖမ်းဆီးထားကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

(အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မြစ်ကြီးနားမြို့ရှိ စိန်ချယ်စိုက်ပျိုးရေးခြံ၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ယင်းနောက် မြစ်ကြီးနားမြို့ မြို့ပတ်လမ်းကို ကျောက်စီလမ်းအဖြစ် ခင်းကျင်းထားမှုနှင့် မြစ်ကြီးနားမြို့ မြို့ကွက်သစ် ဖွံ့ဖြိုးစည်ပင်နေမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး စိန်ချယ်စိုက်ပျိုးရေးခြံ၌ ကျွန်းနှင့် သစ်မွှေးပျိုးပင်များ ပျိုးထောင်ရောင်းချနေမှုကို ဝင်ရောက်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ် ပြည်နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ဆွေးနွေးတင်ပြ

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်နယ် စိုက်ပျိုးရေးမန်နေဂျာနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၅ရက်တွင် မြစ်ကြီးနားတက္ကသိုလ် ပရိဝုဏ်အတွင်း ကျင်းပသည့် ကချင်ပြည်နယ် ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ကြ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက သစ်မွှေးပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၏ ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြစ်ကြီးနားတက္ကသိုလ်သို့ ရောက်ရှိ၍ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက စာသင်ခန်း၊ သိပ္ပံလက်တွေ့ခန်းနှင့် တက္ကသိုလ်တိုးတက်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

တက်ရောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပြည်နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် BOT ကုမ္ပဏီများ၏ ၂၀၁၀-၂၀၁၁ခုနှစ် လမ်းတံတားဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ရေးဦးစွာ တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်ရသော အပိုင်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အလေးထား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို အသေးစိတ်ဆွေးနွေးမှာကြားပြီး မြစ်ကြီးနား-ပူတာအိုလမ်း ၁၂လရာသီ သွားလာနိုင်ရေးကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြစ်ကြီးနားတပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားကာ တပ်နယ်မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားအသင့်အတင့် ရှိနေမည်

နေပြည်တော် ဇူလိုင် ၇

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော် (ပျဉ်းမနား)တွင် ၀ ဒသမ ၄၃လက်မ၊ ဘီးလင်းမြို့တွင် ၆ ဒသမ ၁၈လက်မ၊ မိုင်းဆတ်မြို့တွင် ၃ ဒသမ ၆၆လက်မ၊ သံတောင်ကြီးမြို့တွင် ၂ ဒသမ ၇၂လက်မ၊ ပင်လောင်းမြို့တွင် ၂ ဒသမ ၂၀လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၀၅လက်မ၊ သိမ်ဇရပ်မြို့တွင် ၁ ဒသမ ၈၅လက်မနှင့် မင်းဘူးမြို့တွင် ၁ ဒသမ ၁၀လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အသင့်အတင့်ရှိနေသည်။

ဇူလိုင် ၈ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတို့ တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအား အသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အရှေ့တောင်အာရှ အသက်(၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဆက်ယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၇

အားကစားဝန်ကြီးဌာန အရှေ့တောင်အာရှ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော (၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက်(၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

ပြိုင်ပွဲ၏ ပထမပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းက စင်ကာပူအသင်းကို ၇၈မှတ်-၄၀ဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ထိုင်းအသင်းက မြန်မာအသင်းကို ၅၈မှတ်-၅၂မှတ်ဖြင့် လည်းကောင်း၊ တတိယပွဲစဉ်တွင် မလေးရှားအသင်းက လာအိုအသင်းကို ၉၇မှတ်-၅၃မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစား

ပြိုင်ပွဲကို ဇူလိုင် ၈ရက် နံနက် ၉နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်တွင် မြန်မာအသင်းနှင့် စင်ကာပူအသင်း၊ ဒုတိယပွဲစဉ်တွင် ထိုင်းအသင်းနှင့် မလေးရှားအသင်း၊ တတိယပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့ဖလားနောက်ဆုံးရသတင်းများ

➤ အာကာဟိန်း - စုစည်းသည် ➤

လူစားလဲသဖြင့် စိတ်ပျက်မိကြောင်း ဖော်လန် ပြောကြား

အကြိုဗိုလ်လုပွဲ၌ မိမိအားလူစားလဲခဲ့ခြင်းအပေါ် စိတ်ပျက်မိခဲ့ကြောင်း ဥရုဂွေး တိုက်စစ်မှူး ဒီဂိုဖော်လန်က ပြောကြားသည်။

စုစည်းမှုအားကြောင့်နိုင်ပွဲရဟု မာဝစ်ခ်ပြောကြား

အကြိုဗိုလ်လုပွဲ၌ အသင်းစုစည်းမှုအားကောင်းပြီး ကစားသမားများ စည်းလုံးမှုရှိခဲ့၍ဖြစ်ကြောင်း နယ်သာလန်နည်းပြ မာဝစ်ခ်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ဥရုဂွေးနည်းပြက အနိုင်ရမည်မျှော်လင့်ခဲ့ဟု ပြောကြား

ဥရုဂွေးအသင်းသည် အကြိုဗိုလ်လုပွဲ၌ နယ်သာလန်ကို အနိုင်ကစားနိုင်မည်ဟု မျှော်လင့်ခဲ့ကြောင်း၊ မိမိတို့အကောင်းဆုံးကစားနိုင်ခဲ့ကြောင်း၊ သို့သော် နယ်သာလန်တို့ အနိုင်ဖြင့်ထိုက်တန်ပါကြောင်း ဥရုဂွေးနည်းပြတာဘာရက်စ်က ဇူလိုင်၇ရက်၌ သတင်းထောက်များအား ပြောကြားသည်။

မာရာဒိုနာဆုံးဖြတ်သင့်ပြီဟု ဘောလုံးအဖွဲ့ချုပ်မှပြောကြား

အာဂျင်တီးနားအသင်းနည်းပြ မာရာဒိုနာသည် နည်းပြတာဝန်နှင့်ပတ်သက်ပြီး ကိုယ်တိုင်ဆုံးဖြတ်သင့်ပြီဖြစ်ကြောင်း အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂရွန်ဒိုနာက ဇူလိုင် ၇ရက်၌ ပြောကြားသည်။

ဥရောပအသင်းများသာဗိုလ်လုပွဲရောက်ဟု ပလာတီနီပြောကြား

၂၀၁၀ ကမ္ဘာ့ဖလားပွဲ၌ တောင်အမေရိကအသင်းများ ခြေစွာခဲ့သော်လည်း နောက်ဆုံးတွင် ဗိုလ်လုပွဲသို့ ဥရောပအသင်းများသာ တက်ရောက်နိုင်ခဲ့ကြောင်း၊ ဥရောပအသင်းများ၏ခြေစွမ်းကို မကျော်ဖြတ်နိုင်ခဲ့ကြောင်း ယူအီးအက်ဖ်အေ ဥက္ကဋ္ဌ ပလာတီနီက သတင်းထောက်များအား ဇူလိုင် ၇ရက်၌ ပြောကြားသည်။

အာဂျင်တီးနား၌ မာရာဒိုနာ နှုတ်ဆိတ်နေ

ဂျာမနီကို လေးဂိုးပြတ်ရှုံးပြီးနောက် ကမ္ဘာ့ဖလားပွဲမှ ထွက်ခဲ့ရသော အာဂျင်တီးနားအသင်းသည် မိခင်နိုင်ငံပြန်ရောက်ပြီးနောက် နည်းပြမာရာဒိုနာမှာ ၎င်း၏ အနာဂတ်နှင့် ပတ်သက်ပြီး တစ်စုံတစ်ရာပြောကြားခြင်းမရှိဘဲ နှုတ်ဆိတ်နေကြောင်း ဇူလိုင် ၇ရက်၌ မီဒီယာများက ဖော်ပြသည်။

နယ်သာလန်အတွက် ယုံကြည်မှုအပြည့်ရှိဟု ရော်ဘင်ဖွင့်ဟ

၂၀၁၀ ကမ္ဘာ့ဖလား ဗိုလ်လုပွဲ၌ မိမိတို့သာ အစွမ်းကုန်ကြိုးစားရမည်ကို သိထားကြောင်း၊ သို့သော် အနိုင်ရရန် ယုံကြည်မှုအပြည့်ရှိနေကြောင်း နယ်သာလန် တောင်ပံကစားသမားရော်ဘင်က ဇူလိုင် ၇ရက်၌ သတင်းထောက်များအား ပြောကြားသည်။

အာဂျင်တီးနားပရိသတ်တစ်ဦး သေဆုံး

အာဂျင်တီးနားနှင့် ဂျာမနီတို့ပွဲကို ကြည့်ရှုအားပေးခဲ့သော အာဂျင်တီးနား ပရိသတ်တစ်ဦးဖြစ်သည့် ဖော်လန်ဇာသည် အာဂျင်တီးနားတို့ ရှုံးပွဲကြုံခဲ့သဖြင့် နှလုံးရောဂါကြောင့် တောင်အာဖရိကနိုင်ငံ ကာဘိုစီးတီးဆေးရုံတွင် ဇူလိုင် ၆ရက်က သေဆုံးသွားကြောင်း တောင်အာဖရိကအရာရှိများက သတင်းထုတ်ပြန်သည်။ ။ *(အင်တာနက်)*

❒ *ကျောဖုံးမှ*

ကြာမြင့်

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်း ကထိကများနှင့် သင်တန်းသူ သင်တန်းသား ၁၁၈ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်လခွဲခန့် ကြာမြင့်သည်။

အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများ၊ ဒီပလိုမာစာရင်းကိုင်သင်တန်းများကိုလည်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း နေပြည်တော်၌ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၁၀	၇။	အကပဒေသာ
၈:၂၀	၈။	အဆိုပြိုင်ပွဲ
၈:၃၀	၉။	စီးဆင်းပါစေ မေတ္တာရည်
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	တေးဂီတအစီအစဉ်
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	တေးဂီတအစီအစဉ်
၄:၂၀	၃။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၃၀	၄။	ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄:၄၅	၅။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၅၅	၆။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅:၁၀	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၀	၈။	တေးဂီတအစီအစဉ်
၅:၃၀	၉။	ကျော်သွားမှာလား၊ ဖော်စားမှာလား
၅:၃၅	၁၀။	မှုဟန်သွယ်သွယ်ဆိုကြမယ်
၅:၅၅	၁၁။	**ကမ္ဘာ့ဖလားပုံရိပ်များ** (အပိုင်း-၁၄)
၆:၀၀	၁၂။	ညနေခင်းသတင်း
၆:၁၅	၁၃။	မိုးလေဝသအခြေအနေ
၆:၂၀	၁၄။	ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၁၃) ဇော်ဇော်အောင်၊ သူရလင်း၊ ညီထက်၊ ဇင်မျိုး၊ စုပုံချစ် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၀	၁၅။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၁၄)
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	ခေတ်အဆက်ဆက် အထိမ်းအမှတ်များ (စတီရီယိုတေးသံရှင်များ၊ တေးရေး-မင်းချစ်သူ)
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူနယ်နိမိတ်**(ပထမပိုင်း) (အပိုင်း-၁)
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၅၈)
	၂၃။	အစီအစဉ်ပြီး၏။

ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း အခြေခံပညာအထက်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အမှတ် (၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၉ နာရီခွဲက နေပြည်တော် လယ်ဝေးမြို့နယ် အောင်စည်လာရွာရှိ အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ တွဲဖက်ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ မြို့နယ်ပညာရေးမှူးက မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း၊ တွဲဖက်ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ကျောင်းသားအင်အားနှင့် ဆရာ ဆရာမအင်အား အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ကျောင်းအတွက် လိုအပ်သော ကွန်ပျူတာခန်းသုံး ပစ္စည်းများ၊ သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများ၊ ကျောင်းစာကြည့်တိုက်အတွက်ပရိဘောဂနှင့်စာအုပ်စာတမ်းများကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ **(ယာပုံ)** သည် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကျောင်းသား ကျောင်းသူများအား စာကြိုးစား သင်ယူကြရန်၊ ယဉ်ကျေးလိမ္မာကြရန်၊ ထူးချွန်ထက်မြက်ပြီး နိုင်ငံအတွက် အားကိုးအားထားပြုနိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းမှာကြားသည်။

ပံ့ပိုးဖြည့်ဆည်း

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် လယ်ဝေးမြို့နယ် သဲဖြူရွာရှိ နေပြည်တော် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကွန်ပျူတာခန်း၊သိပ္ပံလက်တွေ့ခန်း၊ ကျောင်းစာကြည့်တိုက်၊ ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုစာသင်ခန်းများနှင့် အထက်တန်းအဆင့် သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အရာရှိငယ် လုပ်ငန်း မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၅ရက် နံနက် ၁၀နာရီခွဲက လှိုင်သာယာမြို့နယ် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဗဟိုသင်တန်းကျောင်း (လှိုင်သာယာ) သင်တန်းခန်းမ၌ ကျင်းပသော အရာရှိငယ် လုပ်ငန်းမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျွမ်းကျင်သူ ဒေါက်တာစန်းဦး၊ လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူ ၈၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တင်ရေး ဦးစီးကော်မတီ ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၅ ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ် (၂) အခြေခံပညာအလယ်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲသို့ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တင်ရေး ဦးစီးကော်မတီ ပညာပေးရေး စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ကျောင်းအုပ်ဆရာမကြီး၊ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော ဟိန်းဝေယံနှင့် သဥ္ဇာဝင့်ကျော်တို့က မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တင်ရေးအတွက် ကျောင်းသားလူငယ်များ ငယ်စဉ်ကပင် သန့်ရှင်းရေး၊ စည်းကမ်းရှိရေး အကြောင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးမောင်မောင်သက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းလိုက်နာရေး အကြောင်းကိုလည်းကောင်း ဟောပြောကြကာ ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီက ကျောင်းသား ကျောင်းသူများအား ပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့်တင်ရေး ပညာပေးဟောပြောပွဲတွင် ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော ဟိန်းဝေယံနှင့် သဥ္ဇာဝင့်ကျော်တို့ ဟောပြောကြစဉ်။ (သတင်းစဉ်)

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းခွင်သင်တန်း ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ဖွင့်

ပခုက္ကူ ဇူလိုင် ၇

ပခုက္ကူမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်သင်တန်းကို ဇွန်၂၈ရက် နံနက်၈နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မကွေးတိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ဆွေးနွေးပို့ချ

ထို့နောက် မကွေးတိုင်းကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် တိုင်းဥပဒေအရာရှိ ဦးမောင်မောင်ဖြူတင့်ကလည်းကောင်း၊ မကွေးတိုင်းကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှသောင်းကလည်းကောင်း လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပို့ချသည်။

တက်ရောက်

အခမ်းအနားသို့ ပခုက္ကူခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ တွံတေးမြို့နယ် ထော်ကူးကျေးရွာ၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ထော်ကူးကျေးရွာ ပွင့်သစ်ဝေဝေ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်/သံကျွမ်းကျင်(၃) ဦးဇော်မိုးလွင်၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒေါ်ဝင်းမြင့်နှင့် ရပ်မိရပ်ဖ ဦးထွန်းဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းဆွေးနွေး

အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးသက်ဦးက စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေးမှာကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမြသောင်း(ငြိမ်း)က သတင်းစာနှင့်ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာအုပ်စာစောင် ၁၅၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က သတင်းစာခြောက်လစာအတွက် အစောင် ၁၈၀၊ ကျေးရွာရပ်မိရပ်ဖ ဦးထွန်းဝေက စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံး လှူဒါန်းကြသည်။ စာကြည့်တိုက်မှာ ကွန်ကရစ်ခင်း၊ သံဆန်ခါကာရံ၍ သွပ်မိုး အမျိုးအစားဖြစ်ပြီး အလျား ၁၂ပေ၊ အနံ ၁၄ပေကျယ်ဝန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၈-၇-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၃၀	၃။	ဓမ္မပူဇာတေး
၇း၃၅	၄။	မျိုးချစ်တပ်မတော်
၇း၄၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၀	၃။	မျိုးချစ်တပ်မတော်
၄း၄၀	၄။	အမျိုးသားရေးတေးကဗျာ
၄း၄၅	၅။	မွေးမြူသုတ
၄း၅၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၁။	လျှပ်တစ်ပြက်
၆း၃၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၃။	ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၂၈)
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၄၅)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	အနုပညာရှင်၏တစ်နေ့တာ
	၂၀။	ကုန်သွယ်သုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (အပိုင်း-၁၈)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဆေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ယမန်နေ့ ညနေ ၃ နာရီက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ အများပြည်သူများ အသုံးပြုရန်အတွက် ဆေးပစ္စည်းများ သွားရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

လှူဒါန်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က လှူဒါန်းခဲ့သည့် ဆေးပစ္စည်းများမှာ Plastic Plaster 3 Box, Hansaplast 1 Box, Paracetamol 69 Cards, Pacidox 10 Cards, Dicotil 53 Cards, Amoxicillin 4 Box, Cetirizine Hydrochloride Tablets 3 Box နှင့် Cloxalin 2 Box တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ဒေါင့်ရေလှောင်တမံ

၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်အစိုးရက တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သည့် စစ်ကိုင်းတိုင်း ပုလဲမြို့နယ်ရှိ ကန့်ဒေါင့်ရေလှောင်တမံ။

စာမျက်နှာ ၃ မှ

ထို့အတူ ချောင်းမြောင်းတမံပိတ်ဆို့ပေးမှု၊ လက်ရိုက်တွင်း၊ ရေလှျံတွင်း တူးဖော်ပေးမှုများသည်လည်း ဆည်မြောင်းလက်တံ မရောက်နိုင်သော စိုက်ပျိုးမြေဧရိယာဧက ၁၈၄၅၇၀အတွက် စိုက်ပျိုးရေ စုစည်းရရှိစေခဲ့သည်။ ထို့ကြောင့် ဆည်တမံနှင့် ရေထိန်းတံခါး၊ မြစ်ရေတင်၊ မြေအောက်ရေ လုပ်ငန်းများအနေဖြင့် ရေသွင်းစိုက်ပျိုးမှုအတွက် စုစုပေါင်း စိုက်ပျိုးဧရိယာ ဧကပေါင်း ၃ဒသမ ၈သန်းကျော်ကို အထောက်အကူပြုပေးနိုင်ခဲ့သည်။

ပိုမိုသာလွန်

၁၉၈၈ခုနှစ်မတိုင်မီ အခြေအနေများနှင့် လက်ရှိ နိုင်ငံတော်အစိုးရလက်ထက် တာဝန်ယူဆောင်ရွက်နေသည့် ၁၉၈၈ခုနှစ် နောက်ပိုင်းကာလအခြေအနေများကို နှိုင်းယှဉ်ကြည့်ပါက လက်ရှိဆောင်ရွက်ချက်များက ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် များစွာ ပိုမိုသာလွန်နေသည်ကို တွေ့ရမည်ဖြစ်သည်။

စိုက်ပျိုးမြေဧကအရဆိုလျှင် ယခင်က ၂၃ဒသမ ၈သန်းကျော်သာရှိခဲ့ပြီး လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ၅၃ဒသမ ၁သန်းကျော်အထိရှိပြီဖြစ်သောကြောင့် ၂၉ဒသမ ၃သန်းကျော် တိုးတက်မှုရှိခဲ့သည်။

မြေလွတ်မြေရိုင်းဧကအနေဖြင့် ယခင်က ၂၆ဒသမ ၁သန်း ကျန်ရှိနေခဲ့သော်လည်း လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ၁၁ ဒသမ ၅သန်းကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်အသုံးချနိုင်ခဲ့သည့်အတွက် ၁၄ ဒသမ ၆သန်းသာ မြေလွတ်မြေရိုင်းအဖြစ် ကျန်ရှိတော့ကြောင်း တွေ့ရသည်။

စပါးစိုက်ဧကကိုကြည့်မည်ဆိုလျှင်လည်း ယခင်က ၁၁ ဒသမ ၈သန်းကျော်သာရှိပြီး လက်ရှိကာလတွင် မိုးစပါးစိုက်ပျိုးဧက ၁၇သန်းကျော်နှင့် နွေစပါးစိုက်ပျိုးဧက ၉သိန်းကျော်ရှိသဖြင့် စုစုပေါင်း ၁၈သန်းနီးပါးရှိကာ ၆သန်းကျော် တိုးတက်မှုရှိခဲ့သည်။

ရေသွင်းစိုက်ပျိုးနိုင်မှုအနေဖြင့် ယခင်က ဧက ၁ ဒသမ ၃သန်းကျော်သာရှိပြီး လက်ရှိတွင် ၃ ဒသမ ၈သန်းကျော်အထိ ရှိလာသောကြောင့် ၂သန်းကျော် တိုးတက်မှုရှိခဲ့သည်။

သီးထပ်စိုက်ပျိုးမှုဧကကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင်လည်း ယခင်က ၃ ဒသမ ၈သန်းသာရှိပြီး ယခုအခါ သန်း၂၀နီးပါးရှိလာသဖြင့် ၁၆သန်းခန့် တိုးတက်မှုရှိခဲ့သည်။

မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေများရရှိရန် စဉ်ဆက်မပြတ် ရေပေးဝေလျက်ရှိသည့် လောကနန္ဒာ မြစ်ရေတင်စီမံကိန်း။

ဆန်စပါး ထွက်ရှိမှုအနေဖြင့် ယခင်က စပါးတင်းသန်းပေါင်း ၆၃၀ကျော်သာထွက်ရှိပြီး လက်ရှိအခြေအနေတွင် စပါးတင်း သန်းပေါင်း ၁၅၆၀ကျော် ထွက်ရှိသည့်အတွက် စပါးတင်း သန်းပေါင်း ၉၃၀ကျော် တိုးတက်မှုရှိခဲ့သည်။

ပြည်နယ်နှင့် တိုင်းအလိုက် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ ယနေ့ကာလအထိ ဆောင်ရွက်ပြီးစီးခဲ့သည့် မြစ်ရေတင်လုပ်ငန်းအရေအတွက်အားဖြင့် ကချင်ပြည်နယ်တွင် ငါးခု၊ ကယားပြည်နယ်တွင် သုံးခု၊ ကရင်ပြည်နယ်တွင် ခြောက်ခု၊ စစ်ကိုင်းတိုင်းတွင် ၅၅ခု၊ တနင်္သာရီတိုင်းတွင် ၁၁ခု၊ ပဲခူးတိုင်းတွင် ၅၆ခု၊ မကွေးတိုင်းတွင် ၅၁ခု၊ မန္တလေးတိုင်းတွင် ၇၅ခု၊ မွန်ပြည်နယ်တွင် ငါးခု၊ ရခိုင်ပြည်နယ်တွင် လေးခု၊ ရန်ကုန်တိုင်းတွင် ၂၃ခု၊ ရှမ်းပြည်နယ်တွင် လေးခုနှင့် ဧရာဝတီတိုင်းတွင် ၂၄ခု စုစုပေါင်း ၃၂၂ခုရှိခဲ့ပြီး အကျိုးပြု ဧရိယာ ဧကပေါင်း ၄၆၇၀၂၈ ဧကအထိ တိုးတက်အကျိုးပြုနိုင်ခဲ့ပေပြီ။

ကညင်ရေလှောင်တမံ

နိုင်ငံတော် အစိုးရက ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်တွင် ကညင်ရေလှောင်တမံကို တည်ဆောက်ပေးလျက်ရှိရာ ဆည်တမံကြီး ပြီးစီးပါက စိုက်ပျိုးမြေ ဧရိယာဧက ၂၅၀၀၀ခန့် ဆည်ရေပေးဝေနိုင်ပြီး ရေအားလျှပ်စစ် ၅မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ဒေသဝမ်းစာဖူလုံမှုအရဆိုလျှင် ယခင်[...]
ပြီး လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင်[...]
၇၁ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သည်။

ထို့အပြင် လက်ရှိနိုင်ငံတော်အစိုးရလ[...]
လယ်ယာဖော်ထုတ်ပေးခဲ့မှုအနေဖြင့် ဧကပေါင်[...]
လာခဲ့သည်ကိုလည်း တွေ့ရှိရသည်။

ဆက်လက်တည်ဆောက[...]

နိုင်ငံတော်အနေဖြင့် ဆည်တမံစီမံကိန်း[...]
အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်[...]
တည်ဆောက်ဆဲ ဆည်တမံစီမံကိန်း၂၆ခုရှိသ[...]

ထိုစီမံကိန်းများအနေဖြင့် ကချင်ပြည်[...]
ကရင်ပြည်နယ် လှိုင်းဘွဲ့တွင် တစ်ခု၊ စစ်ကိုင်း[...]
ဘုတလင်နှင့် ကန့်ဘလူတို့တွင် ခြောက်ခု၊ [...]
တွင် တစ်ခု၊ ပဲခူးတိုင်း ဖြူး၊ ပဲခူးနှင့် ဝေါတို့[...]
ပွင့်ဖြူ၊ ဂန့်ဂေါ၊ စေတုတ္တရာနှင့် မြိုင်တို့တွ[...]
မတ္တရာ၊ နေပြည်တော်ပျဉ်းမနား၊ ပြင်ဦးလွင်နှ[...]
မွန်ပြည်နယ် ကျိုက်ထိုတွင် တစ်ခု၊ ရှမ်းပြည်န[...]
တွင် နှစ်ခုနှင့် ဧရာဝတီတိုင်း အင်္ဂပူတွင် တစ[...]
စီမံကိန်းများပြီးစီးပါက အကျိုးပြု စိုက်ပျိုး[...]
ပေါင်း၁၂၃၆၈၉၀ ထပ်မံတိုးတက်လာမည်ဖြ[...]

အထူးစီမံကိန်း

အလားတူ ဆက်လက်တည်ဆောက်မ[...]
များအနေဖြင့် စီမံကိန်းပေါင်း ၁၀၀ လျာ[...]
မြေပုံလေ့လာခြင်း၊ စူးစမ်းလေ့လာမှုဆော[...]
စူးစမ်းလေ့လာခြင်း၊ မြေပြင်တိုင်းတာခြင်း၊ ဒီ[...]
အုကြောင်းအသစ်ထပ်မံရွေးချယ်ခြင်း၊ စူး[...]
စီမံကိန်းသို့တင်ပြခြင်း အစရှိသည့်လုပ်ငန်[...]
လျက်ရှိသည်။

ပဲခူးတိုင်း(အနောက်ခြမ်း)မှ ဒေသခံ[...]
မြေများအတွက် ရေပေးဝေလျက်ရှိသည့်[...]
ခဝါရေလှောင်တမံ။

ကညင်ရေလှောင်တမံ

နိုင်ငံတော် အစိုးရက ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်တွင် ကညင်ရေလှောင်တမံကို တည်ဆောက်ပေးလျက်ရှိရာ ဆည်တမံကြီး ပြီးစီးပါက စိုက်ပျိုးမြေ ဧရိယာဧက ၂၅၀၀၀ခန့် ဆည်ရေပေးဝေနိုင်ပြီး ရေအားလျှပ်စစ် ၅မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ဒေသဝမ်းစာဖူလုံမှုအရဆိုလျှင် ယခင်က ၁၀၂ရာခိုင်နှုန်းသာရှိခဲ့ပြီး လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ၁၇၃ရာခိုင်နှုန်း ရှိသဖြင့် ၇၁ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သည်။

ထို့အပြင် လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ကုန်းမြင့်လယ်ယာဖော်ထုတ်ပေးခဲ့မှုအနေဖြင့် ဧကပေါင်း ၂၆၀၀၀ကျော် တိုးတက်လာခဲ့သည်ကိုလည်း တွေ့ရှိရသည်။

ဆက်လက်တည်ဆောက်ဆဲ

နိုင်ငံတော်အနေဖြင့် ဆည်တမံစီမံကိန်းများကို ရပ်တန့်မထားဘဲ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြရာ ဆက်လက်တည်ဆောက်ဆဲ ဆည်တမံစီမံကိန်း၂၆ခုရှိသည်။

ထိုစီမံကိန်းများအနေဖြင့် ကချင်ပြည်နယ် ရွှေကူတွင် တစ်ခု၊ ကရင်ပြည်နယ် လှိုင်းဘွဲ့တွင် တစ်ခု၊ စစ်ကိုင်းတိုင်း ကလေး၊ အရာတော်၊ ဘုတလင်နှင့် ကန့်ဘလူတို့တွင် ခြောက်ခု၊ တနင်္သာရီတိုင်း ထားဝယ်တွင် တစ်ခု၊ ပဲခူးတိုင်း ဖြူး၊ ပဲခူးနှင့် ဝေါတို့တွင် သုံးခု၊ မကွေးတိုင်း ပွင့်ဖြူ၊ ဂန့်ဂေါ၊ စေတုတ္တရာနှင့် မြိုင်တို့တွင် ငါးခု၊ မန္တလေးတိုင်း မတ္တရာ၊ နေပြည်တော်ပျဉ်းမနား၊ ပြင်ဦးလွင်နှင့် စမ်းတွင်းတို့တွင် ငါးခု၊ မွန်ပြည်နယ် ကျိုက်ထိုတွင် တစ်ခု၊ ရှမ်းပြည်နယ် ရွာငံနှင့် ရပ်စောက်တို့တွင် နှစ်ခုနှင့် ဧရာဝတီတိုင်း အင်္ဂပူတွင် တစ်ခု စုစုပေါင်း ၂၆ခုဖြစ်ပြီး စီမံကိန်းများပြီးစီးပါက အကျိုးပြု စိုက်ပျိုးဧရိယာသည်လည်း ဧကပေါင်း၁၂၃၆၈၉၀ ထပ်မံတိုးတက်လာမည်ဖြစ်သည်။

အထူးစီမံကိန်း

အလားတူ ဆက်လက်တည်ဆောက်မည့် ဆည်မြောင်းစီမံကိန်းများအနေဖြင့် စီမံကိန်းပေါင်း ၁၀၀ လျာထားသတ်မှတ်ထားရှိပြီး မြေပုံလေ့လာခြင်း၊ စူးစမ်းလေ့လာမှုဆောင်ရွက်ခြင်း၊ ဇလဗေဒ စူးစမ်းလေ့လာခြင်း၊ မြေပြင်တိုင်းတာခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ တမံအုကြောင်းအသစ်ထပ်မံရွေးချယ်ခြင်း၊ စူးစမ်းလေ့လာပြီး အထူးစီမံကိန်းသို့တင်ပြခြင်း အစရှိသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ထိုစီမံကိန်း ၁၀၀ထဲမှ မွန်ပြည်နယ် ကျိုက်ထို၊ သထုံနှင့် ဘီးလင်းတို့တွင် သုံးခု၊ မန္တလေးတိုင်း တောင်သာ၊ ရမည်းသင်း၊ ကျောက်ဆည်နှင့် မတ္တရာတို့တွင် လေးခု၊ စစ်ကိုင်းတိုင်း ဝန်းသို၊ ကန့်ဘလူ၊ မော်လိုက်နှင့် ဒီပဲယင်းတို့တွင် လေးခု၊ မကွေးတိုင်း ဂန့်ဂေါတွင် တစ်ခုနှင့် ဧရာဝတီတိုင်း ရေကြည်တွင် တစ်ခု စုစုပေါင်း ၁၃ခုကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက အကျိုးပြုဧရိယာ ဧက ၃၈၀၀၀ ထပ်မံတိုးတက်လာမည်ဖြစ်သည်။

ကျန်ရှိသည့် စီမံကိန်း ၈၇ခုဖြစ်သည့် ကချင်ပြည်နယ် မြစ်ကြီးနားနှင့် မိုးညှင်းတို့တွင် နှစ်ခု၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးနှင့် သံတောင်တို့တွင် နှစ်ခု၊ ချင်းပြည်နယ် ဟားခါးတွင် နှစ်ခု၊ စစ်ကိုင်းတိုင်း ကလေး၊ ခင်ဦး၊ အရာတော်၊ တန့်ဆည်နှင့် ထီးချိုင့်တို့တွင် ကိုးခု၊ တနင်္သာရီတိုင်း ရေဖြူနှင့် ထားဝယ်တို့တွင် နှစ်ခု၊ ပဲခူးတိုင်းတွင် ကျောက်ကြီး၊ အုတ်တွင်း၊ တောင်ငူ၊ သဲကုန်း၊ ပဲခူးနှင့် ပေါက်ခေါင်းတို့တွင် ကိုးခု၊ မကွေးတိုင်း ဂန့်ဂေါ၊ ထီးလင်း၊ မြို့သစ်၊ ပွင့်ဖြူ၊ ဆော၊ ပေါက်နှင့် မြို့သစ်တို့တွင် ကိုးခု၊ မန္တလေးတိုင်း တောင်သာ၊ တပ်ကုန်း၊ သပိတ်ကျင်းနှင့် ပုသိမ်ကြီးတို့တွင် ခြောက်ခု၊ မွန်ပြည်နယ်၊ သံဖြူဇရပ်၊ မုဒုံ၊ ချောင်းဆုံ၊ သထုံနှင့် ဘီးလင်းတို့တွင် အခု ၂၀၊ ရခိုင်ပြည်နယ် သံတွဲ၊ တောင်ကုတ်၊ မြောက်ဦး၊ မင်းပြား၊ ရမ်းဗြဲ၊ ဘူးသီးတောင်၊ မောင်တောနှင့် ကျောက်တော်တို့တွင် ၁၂ခု၊ ရှမ်းပြည်နယ် မိုးမိတ်၊ မိုင်းဆတ်၊ ကျိုင်းတုံ၊ လားရှိုး၊ နောင်ချို၊ တာချီလိတ်နှင့် လင်းခေးတို့တွင် ၁၀ခု၊ ဧရာဝတီတိုင်း လေးမျက်နှာ၊ ကြံခင်းနှင့် ရေကြည်တို့တွင် လေးခုတို့နှင့်ပတ်သက်ပြီး စီမံကိန်းဆိုင်ရာလုပ်ငန်းများ လေ့လာဆဲဖြစ်ပြီး အကယ်၍ စီမံကိန်းများ ဆောင်ရွက်ပြီးစီးပါက အကျိုးပြုဧရိယာ ဧက ၃၅၇၃၈၀ ထပ်မံတိုးတက်လာမည် ဖြစ်သည်။

မကွေးတိုင်း ဆောမြို့နယ်ရှိ သန်းဥချောက် ရေလှောင်တမံကို သဘာဝတောတန်းများ နောက်ခံပြုလျက် ဤသို့ တွေ့ရသည်။

ပဲခူးတိုင်း(အနောက်ခြမ်း)မှ ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေများအတွက် ရေပေးဝေလျက်ရှိသည့် ပန်းတောင်းမြို့နယ်မှ ခဝါရေလှောင်တမံ။

အရှည်လျားဆုံး

၁၉၈၈ခုနှစ်နောက်ပိုင်း တည်ဆောက်ပေးခဲ့သော ဆည်တမံများအနက် ၂၀၁၀ခုနှစ် ဧပြီလ ၁၇ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည့် စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်မှ သဖန်းဆိပ်ရေလှောင်တမံကြီးမှာ မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် အရှေ့တောင်အာရှတွင် အရှည်လျားဆုံး ဆည်တမံကြီးဖြစ်သည်။ ကုန်းတွင်းပင်လယ်ငယ်ဟုပင် တင်စားခေါ်တွင်ခံရသည့် ယင်းဆည်တမံကြီးမှာ တမံအမြင့် ၁၀၈ပေ၊ တမံ အလျား ၄မိုင်ကျော်ရှိကာ စိုက်ပျိုးမြေဧရိယာဧက ငါးသိန်းကျော်ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်မှ ကင်းတားရေလှောင်တမံ၊ စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်မှ ကင်းတပ်ရေလှောင်တမံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်မှ ဇော်ဂျီရေလှောင်တမံ၊ မကွေးတိုင်း စေတုတ္တရာမြို့နယ်မှ မုန်းချောင်းရေလှောင်တမံ၊ ပဲခူးတိုင်းအတွင်း ကျောက်တံခါးမြို့နယ်မှ ရဲနွယ်ရေလှောင်တမံ၊ အုတ်တွင်းမြို့နယ်မှ ခပေါင်းရေလှောင်တမံ၊ နတ်တလင်းမြို့နယ်မှ တောင်ညိုရေလှောင်တမံ၊ သာယာဝတီမြို့နယ်မှ သုံးဆယ်ရေလှောင်တမံနှင့် ပေါင်းတည်မြို့နယ်မှ ဝဲကြီးရေလှောင်တမံများသည်လည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေအများဆုံးပေးဝေနိုင်သော ထင်ရှားသည့် ရေလှောင်တမံကြီးများပင် ဖြစ်သည်။

ဆည်တမံ တည်ဆောက်ရေးလုပ်ငန်းများကို ငွေကြေးအင်အား၊ လူအင်အား၊ စက်ပစ္စည်းအင်အားအလုံးအရင်းဖြင့် ပြည်တွင်းအင်ဂျင်နီယာများ ပူးပေါင်း၍တည်ဆောက်ခဲ့ကြရာ နိုင်ငံအနှံ့ ဆည်တမံများ အစုအဖွဲ့အလိုက် တည်ရှိနေပြီဖြစ်သည်။

ဆည်များတည်ဆောက်ပေးခြင်းအားဖြင့် မူလကစပါးစိုက်ဧက နည်းနေရာမှ ယခုအခါ စပါးစိုက်ဧကများလာပြီး ဒေသဝမ်းစာဖူလုံမှုများကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁သို့

8-7 (08-09).pmd 2 7/8/2010, 3:29 AM

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်အကွာတွင် လယ်မြေဧက ၁၀၀၀၀ကို ဆည်ရေပေးဝေနေသည့် ကတိုက်ရေလှောင်တမံနှင့် ရေထိန်းမျှော်စင်တို့ကို တောင်စွယ်၊ တောင်တန်း နောက်ခံအလှဖြင့် ဤသို့ တွေ့ရသည်။

စာမျက်နှာ ၉ မှ

မြစ်ရေကိုစုပ်ယူတင်ကာ လယ်မြေများသို့ပေးဝေခဲ့ရာ မြစ်ရေတွင် ပါဝင်သောနုန်းမြေများက လယ်မြေများတွင်တင်ကျန်ပြီး တဖြည်းဖြည်း မြေဆီမြေနှစ်များဖြစ်ကာ စပါးစိုက်ပျိုးနိုင်သည့် လယ်မြေအဖြစ်သို့ ပြောင်းလဲ၍ မိုးစပါး၊ နွေစပါး ဖြစ်ထွန်းအောင်မြင်နေပြီဖြစ်သည်။ လယ်ယာကဏ္ဍ တိုးတက်စေရေးအတွက် စပါးစိုက်ပျိုးထုတ်လုပ်မှုကို နှစ်ဆတိုးအောင် ကြိုးစားလျက် ပြည်တွင်း၌ ဖူလုံရုံမက ပြည်ပသို့ပါ ရောင်းချနိုင်အောင် ကြိုးပမ်းမြှင့်တင်သွားကြရမည်ဖြစ်သည်။

တိုးပွားစည်ပင်

မိုးလွန်လျှင် ထွန်ချ၍မရသည့်ဘဝကို ကျော်လွှားလွန်မြောက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် ခိုင်မာလေးနက်သည့်ရပ်တည်မှု၊ မှန်ကန်သည့် တွေးခေါ်မြော်မြင်မှု၊ ပီပြင်သည့် စီမံဖော်ဆောင်မှုများနှင့်အတူ ကြိုးပမ်းအားထုတ်ပြီး အလုပ်နှင့် သက်သေပြနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများ အကျိုးစီးပွား ခံစားရရှိနိုင်စေရန်အတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ လမ်းညွှန်ကြပ်မတ်မှုဖြင့် တစ်လလျှင် တံတား တစ်စင်း၊ တစ်နှစ်တွင် ဆည်တမံ ၁၂ခုနှုန်းနှင့် စွမ်းအားအပြည့်သုံးပြီး ခြယ်မှုန်းပေးခဲ့ရာ မြန်မာ့မြေပုံသစ်မှာ ဆည်သစ် တမံသစ်၊ လယ်သစ် ရွာသစ် မြို့သစ်များ တိုးပွားစည်ပင်အလှဆင်နိုင်ခဲ့ပြီ ဖြစ်သည်။

အာရှတိုက်စပါးကျီ

မိုးစပါးဧက ၁၇သန်းကျော်၊ နွေစပါးဧက ကိုးသိန်းကျော် စုစုပေါင်း ဧက ၁၈သန်းနီးပါးအပြင် သီးထပ်စိုက် ဧကကိုလည်း ဧကသန်း၂၀နီးပါး စိုက်ပျိုးနိုင်ခဲ့သဖြင့် စပါးတင်းသန်းပေါင်း ၁၅၆၀ကျော်အထိ စိုက်ပျိုး ထုတ်လုပ်နိုင်ခဲ့ကာ အာရှတိုက်၏ စပါးကျီတစ်ခုအဖြစ် ခေါင်းမော်နိုင်နေပြီဖြစ်သည်။ ပဲမျိုးစုံစိုက်ဧကကိုလည်း တိုးတက်စိုက်ပျိုးခဲ့သည်။

ထို့ကြောင့် ပြည်ပပို့ကုန် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုပါ တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်။ လက်ရှိအစိုးရတာဝန်ယူခဲ့ရသည့် နှစ်ပေါင်း၂၀ကျော် အချိန်တိုအတွင်း၌ မြန်မာနိုင်ငံသည် ဆန်စပါးထုတ်လုပ်မှု မြင့်မားသည့်နိုင်ငံ တစ်နိုင်ငံဖြစ်လာပြီး ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်တင်ပို့မှုအနေဖြင့်လည်း အာဆီယံနိုင်ငံများအတွင်းမှာ ဦးဆောင်မှုအခန်းကဏ္ဍကို ရောက်ရှိလာခဲ့သည်။ ယခုကဲ့သို့ ဖြစ်လာရခြင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် နောင်တွင်ဖြစ်ပေါ်လာမည့် လူဦးရေသန်း ၁၀၀ကျော်၏ စားဝတ် နေရေးဘဝများအတွက် ကြိုတင်မျှော်တွေးပြီး ဆောင်ရွက်ပေးနေခြင်းကြောင့်သာဖြစ်သည်။

တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ပေးခဲ့ခြင်းဖြင့် ဒေသအတွင်း သီးနှံပိုမိုထုတ်လုပ်မှု တိုးတက်လာ၍ တောင်သူတစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်လာခဲ့ပြီဖြစ်သည်။ ယခုကဲ့သို့ မိုးစပါးအပြင် နွေစပါးအတွက်ပါ စိုက်ပျိုးရေဖူလုံစွာပေးနိုင်ခဲ့မှုသည် နိုင်ငံတော်၏ စေတနာအစစ်အမှန်ဖြစ်ကြောင်း သဘောပေါက် နားလည်စေလိုသည်။

ပံ့ဖော်ပေး

နိုင်ငံတော်အတွင်းစီးဆင်းသည့် မြစ်ချောင်းများမှာ နှစ်စဉ်ရေဧက ပေသန်း ၈၇၀ရှိသော်လည်း စိုက်ပျိုးမှုအတွက် ခြောက်ရာခိုင်နှုန်းသာ အသုံးချနိုင်သေးသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေသယံဇာတ အရင်းအမြစ်များ တိုးမြှင့်ဖော်ထုတ် အသုံးချနိုင်အောင် ဆည်မြောင်းတာတမံအသစ်များ တည်ဆောက်ခြင်း၊ ရေဝေရေလဲ ဧရိယာမှ စီးဆင်းသည့်ရေများကို အပြည့်အဝ သိုလှောင်အသုံးချရေး စီမံဆောင်ရွက်ပေးခြင်း၊ တည်ဆောက်ပြီး ဆည်မြောင်းတာတမံများမှ ဆည်ရေကို ထိရောက်စွာ ပေးသွင်းနိုင်ရန်နှင့် ရေပိုမိုသိုလှောင်နိုင်ရန် ပြုပြင်ခြင်း၊ မြစ်ချောင်းများမှ ရေလျှံချိန်တွင် အင်းအိုင်ချိုင့်ဝှမ်းများအတွင်းသို့ ရေသွင်းသိုလှောင်ထားရှိခြင်း၊ မြစ်ချောင်းများမှရေကို ရေစုပ်စက်ဖြင့် စုပ်တင်ခြင်း၊ မြေအောက်ရေ ထုတ်ယူသုံးစွဲခြင်း နည်းလမ်းများဖြင့် ပံ့ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တပ်မတော်အစိုးရလက်ထက် တိုးတက်ဆောင်ရွက်ပေးခဲ့သည့် စိုက်ပျိုးရေရရှိမှု အကျိုးပြုဧကများ

အမျိုးအမည်	ရေတွက်ပုံ	မြန်မာမင်းများလက်ထက်မှ ၁၉၈၈ အထိ	၂၀၁၀	တိုးတက်မှု
ဆည်၊ကန်၊တာတမံ				
- ဆောင်ရွက်ပြီးလုပ်ငန်း	ခု	၁၃၈	၃၇၀	၂၃၂
- ဆောင်ရွက်ဆဲလုပ်ငန်း		-	၂၆	၂၆
အကျိုးပြုဧရိယာ	ဧက	၁၃၃၆၁၉၉	၄၁၆၃၂၇၅	၂၈၂၇၀၇၆
မြစ်ရေတင်နှင့် မြေအောက်ရေလုပ်ငန်း (မြစ်ရေတင်)				
- ဆောင်ရွက်ပြီးလုပ်ငန်း	ခု	-	၃၂၂	၃၂၂
အကျိုးပြုဧရိယာ	ဧက		၄၆၇၀၂၈	၄၆၇၀၂၈
မြေအောက်ရေတွင်း	ခု	-	၈၀၁၂	၈၀၁၂
- အကျိုးပြုဧရိယာ	ဧက	-	၉၈၃၃၅	၉၈၃၃၅
မြစ်ရေတင်/မြေအောက်ရေ				
- ဆောင်ရွက်မည့်လုပ်ငန်း	ခု	-	၄၁	၄၁
အကျိုးပြုဧရိယာ	ဧက	-	၂၆၂၇၈၁	၂၆၂၇၈၁
ချောင်းမြောင်းတမံပိတ်ဆို့မှု				
အကျိုးပြုဧရိယာ	ဧက	-	၁၈၄၅၇၀	၁၈၄၅၇၀

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့်တိုင်းအလိုက် တည်ဆောက်ဆဲ ဆည်တမံစီမံကိန်းများ

စဉ်	ပြည်နယ်/တိုင်း	ဆည်တမံအရေအတွက်	အကျိုးပြုဧရိယာ (ဧက)	ရေသိုလှောင်ပမာဏ(ဧကပေ)	ရေအားလျှပ်စစ်ပမာဏ
၁	ကချင်	၁	၅၀၀၀	၂၂၅၈၆	-
၂	ကရင်	၁	၃၀၀၀	၃၆၀၀၀	-
၃	စစ်ကိုင်း	၆	၁၀၆၄၅၅၀	၂၇၅၅၀၈၀၉	၁၅၈၄ မဂ္ဂါဝပ်
၄	တနင်္သာရီ	၁	၃၂၀၀	၂၂၀၇၈၀	၅.၀ မဂ္ဂါဝပ်
၅	ပဲခူး	၃	၁၁၇၀၀၀	၈၄၈၅၃၀	၄၀ မဂ္ဂါဝပ်
၆	မကွေး	၅	၁၂၈၄၀	၂၄၇၄၉၇၁	၃၀၆ မဂ္ဂါဝပ်
၇	မန္တလေး	၅	၆၄၀၀	၆၀၃၈၀၀	၆၀.၃၀ မဂ္ဂါဝပ်
၈	မွန်	၁	-	၁၆၈၀၀	-
၉	ရှမ်း	၂	-	၇၀၄၉၀၀	၃၆.၀၀ မဂ္ဂါဝပ်
၁၀	ရေဝတီ	၁	၂၅၀၀၀	၁၄၈၈၀၀	၅ မဂ္ဂါဝပ်
	စုစုပေါင်း	၂၆	၁၂၃၆၉၉၀	၃၂၆၂၇၉၇၆	၂၀၃၆.၃၀ မဂ္ဂါဝပ်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနား

တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း တက်ရောက်

နေပြည်တော် ဇူလိုင် ၇

အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)သို့ ဆေးပဒေသာပင်အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၆ရက် နံနက်ပိုင်းက အဆိုပါဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက ဆေးရုံတက် စစ်သည်နှင့် မိသားစုဝင်များအတွက် ဆေးပဒေသာပင်အလှူငွေများကို ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

တက်ရောက်

ထို့နောက် တိုင်းမှူးသည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်သည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ရဲတပ်ဖွဲ့မှူးကြီးက ဖတ်ကြားကာ အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ စာစီစာကုံးဆုရ ကျောင်းသားကျောင်းသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကာ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဒေါ်မူယာဆွေနှင့်အဖွဲ့ မြိုင်လမ်း လမ်းလယ်ကျွန်းများပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်းကို ဇွန် ၂၇ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးတို့က ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇူလိုင် ၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇူလိုင် ၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်က အမှာစကားပြောကြားပြီး ဝန်ထမ်းသားသမီး တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ အခြေခံပညာအထက်တန်းအဆင့် ခုနစ်ဦး၊ အခြေခံပညာအလယ်တန်းအဆင့် လေးဦးတို့နှင့် အခြေခံပညာမူလတန်းအဆင့် ၁၁ဦးတို့အား တာဝန်ရှိသူများက စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခဲ့ကြသည်။

(သတင်းစဉ်)

မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၅ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းတက်ရောက်၍ အမှာစကားပြောကြားရာ၌ မြို့နယ်အခွန်ဦးစီးဌာနများ၏ လုပ်ငန်းစွမ်းဆောင်ရည် ထိရောက်ထက်မြက်စေရန် ယခုကဲ့သို့ သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ရာ သင်တန်းတွင်သင်ကြားသည့် ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်ကျွမ်းသည်အထိ လေ့လာဆည်းပူးကြရန်၊ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ စိတ်ထားမှန်ကန်ကောင်းမွန်မှု၊ ရိုးဖြောင့် မှန်ကန်တာဝန်သိမှုတို့ကို အခြေခံ၍ သင်တန်းမှရရှိလာသည့် အသိပညာဗဟုသုတများ ပေါင်းစပ်ကာ ဌာန၏ရည်မှန်းချက်တာဝန်များ ပြည့်ဝမှန်ကန်စွာရရှိစေရေး အလေးထားကြိုးပမ်းကြရန် အကျယ်တဝင့်ပြောကြားသည်။

ပို့ချမည်

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ မြို့နယ်အခွန်ဦးစီးဌာနမှူး ၅၀ တို့အား ရက်သတ္တလေးပတ်ကြာ အခွန်ဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို ပို့ချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ အသားကဏ္ဍ ပြည်ပပို့ကုန်တိုးမြှင့်ရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

အသားကဏ္ဍ ပြည်ပပို့ကုန်တိုးမြှင့်ရေး စည်းဝေး

ရန်ကုန် ဇူလိုင် ၇

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ အသားကဏ္ဍ ပြည်ပပို့ကုန်တိုးမြှင့်ရေး အစည်းအဝေးကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်သိန်းက အသားကဏ္ဍ ပြည်ပပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များက ပြည်ပပို့ကုန် ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်လျက်ရှိမှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် အချက်များကို တင်ပြကြရာ ဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အသားကဏ္ဍ ပြည်ပပို့ကုန် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအား

သံဖြူဇရပ်မြို့နယ်၌ ဂုဏ်ပြုပွဲကျင်းပ

သံဖြူဇရပ် ဇူလိုင် ၇

၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများအားဂုဏ်ပြုပွဲကို ဇွန်၂၂ရက်က သံဖြူဇရပ်မြို့နယ် ဆင်တောင်ကျေးရွာအုပ်စု ကဒတ်ထောက်ရွာ အမက(မူလွန်) ကျောင်း၌ကျင်းပရာ အခမ်းအနားသို့ သံဖြူဇရပ်မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ပညာရေးဌာန ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် အမှုဆောင်အဖွဲ့များ၊ ဆင်တောင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးခင်သိန်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် ကျေးရွာဥက္ကဋ္ဌဦးခင်သိန်းတို့က တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

မီးငြှိမ်းသတ်ခြင်းသရုပ်ပြ

ပဲခူးတိုင်း သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဈေးသူ ဈေးသားများနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းလျက် ဇူလိုင်၂ရက်က မီးငြှိမ်းသတ်ခြင်း သရုပ်ပြစဉ်။

(မြို့နယ်စည်ပင်)

ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် စုပေါင်းပေးအပ်

ရန်ကုန် ဇူလိုင် ၇

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် မုဒုံမြို့နယ် သမဝါယမအသင်းများ၏ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များ စုပေါင်းပေးအပ်ပွဲကို ဇွန်၂၈ရက်က မုဒုံမြို့နယ် သမဝါယမအသင်းစုလီမိတက် အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အမှာစကားပြောကြားသည်။

ပေးအပ်

ယင်းနောက် အခြေခံသမဝါယမအသင်းများကိုယ်စား မုဒုံမြို့နယ် သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးမင်းစိန်ချွန်းက ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် စုစုပေါင်း ၁၄၈၂၇၇၄ကျပ်ကို မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန တွဲဖက်မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်သိမ့်ထံ ပေးအပ်သည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင် မောင်းနှင်နေခြင်းအားစစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မဇ္ဈိမဒေသ ဝါဆိုသင်္ကန်းလှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၇

အိန္ဒိယသမ္မတနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့၌ ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် ၃၄၈ပါးနှင့် ဝေးလံခေါင်းပါးသော အာသံ-တြိပူရ-မဏိပူရဒေသများရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသော သံဃာတော်အပါး ၄၀၀ကျော်(စုစုပေါင်း ဝါဆိုသံဃာ ၇၄၈ ပါး)ခန့်တို့အတွက် မဇ္ဈိမဒေသ (၃၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းများကို ဇူလိုင် ၂၅ရက် နောက်ဆုံးထား၍ လှူဒါန်းနိုင်ကြောင်းနှင့် ဆက်သွယ်လှူဒါန်းလိုပါက-

- မဇ္ဈိမဒေသ သာသနာပြုအဖွဲ့
  အမှတ် (၁၃-က)၊ ငါးထပ်ကြီးဘုရားလမ်း၊ (ရုပ်ရှင်အစည်းအရုံးအနီး)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
  ဖုန်း-၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆၊ ၀၁-၅၅၅၁၇၃။
- ဗုဒ္ဓ ဓမ္မ ဒါန စေတနာရှင်များအဖွဲ့ (ရွှေမြင့်ထင် ဦးညို)
  အမှတ်(၁၂)၊ မြို့သစ် ၁ လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၂၂၃၆။
- ဒါနဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
  YUZANA BUSINESS TOWER (အခန်း ၃၀၃၊ သုံးလွှာ၊ ဓာတ်လှေကားအမှတ် ၂)၊ ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
  ဖုန်း-၀၁-၅၃၆၃၄၀၊ ၀၁-၇၂၇၇၄၆၊ ၀၉-၅၀-၀၁၇၆၃၊ ၀၉-၈၀၂-၁၅၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော် တန့်ယန်းမြို့နယ်၌ ကျင်းပ

တန့်ယန်း ဇူလိုင် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပရာ ဇူလိုင် ၃ရက် နံနက် ၈နာရီက ဗုဒ္ဓမြတ်စွယ်တော်ရွှေမင်းလိုဏ်ဂူတော်အနီး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော်က စိုက်ပျိုးမည့်သစ်ပင်များကို ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့တာဝန်ခံများအား ပေးအပ်သည်။ (အပေါ်ပုံ)

တပျော်တပါးစိုက်ပျိုး

ယင်းနောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော်က ကံ့ကော်ပင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်လှိုင်က ခါတော်မီပင်တို့ကို စတင်စိုက်ပျိုးပေးကြပြီး အခမ်းအနားတက်ရောက်လာကြသူများက အရိပ်ရပင်နှင့် နှစ်ရှည်ပင်စုစုပေါင်း ၃၀၀၀တို့ကို တပျော်တပါးစိုက်ပျိုးကြသည်။ (မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟိုပုံး၌ ဟောပြော

ဟိုပုံး ဇူလိုင် ၇

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၆ ရက် နံနက် ၈ နာရီခွဲက ဟိုပုံးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်စိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှထွန်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ရီရီဝင်း၊ မြို့နယ်ဆရာဝန်ကြီးဒေါက်တာမြင့်သိန်းနှင့် မြို့နယ်ပညာရေးမှူး ဦးမောင်ဟန်တို့က မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို ဟောပြောကြသည်။ (မြို့နယ် ပြန်/ဆက်)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မော်လိုက်၌ ကျင်းပ

မော်လိုက် ဇူလိုင် ၇

မော်လိုက်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစွန်ထွေး၏ စီစဉ်ဆောင်ရွက်မှု၊ မော်လိုက်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုတို့ဖြင့် မော်လိုက်မြို့ မြို့မ(၂)ရပ်ကွက်၌ ဇွန် ၂၆ရက် နံနက် ၆နာရီက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မော်လိုက်ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လင်း၊ ဦးအောင်ကိုကိုနှင့် သစ်တောဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀၀ ဖြင့် ကျွန်းပင် ၇၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဒ္ဒဿန(၂)လမ်းနေ ခင်ပွန်းဦးငွေအောင် တစ်နှစ်ပြည့်အား ရည်စူး၍ ဇနီးဒေါ်အေးအေးမော်မိသားစုက ထာဝရဆွမ်းပဒေသာပင်နှင့် တစ်နေ့လုံးစာအထူးအာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ်သုံးသိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူးဦးချစ်ဆွေထံပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်အရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် အဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ဆွာမြို့ ခုံးကျော်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၅ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့၌ ယာဉ်မတော်မဆဖြစ်ပွားမှု လျော့နည်းပပျောက်ရေး စစ်ဆေး

မော်လမြိုင် ဇူလိုင် ၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မွန်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူး ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)၊ မွန်ပြည်နယ်မော်တော်ယာဉ်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့ ပါဝင်သောအဖွဲ့သည် ဇွန် ၂၅ ရက်က မော်လမြိုင်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်း(လှိုင်)မှ အခြားပြည်နယ်နှင့်တိုင်း မြို့နယ်များသို့ထွက်ခွာမည့် ခရီးသည်တင်ဘတ်စ်ကားယာဉ်ကြီးများ ယာဉ်မတော်ဆမှု လျော့နည်းပပျောက်ရေးအတွက် ယာဉ်ကြံ့ခိုင်မှုရှိမရှိ၊ ဘရိတ်နှင့် မီးကြီး၊ အချက်ပြမီးများကောင်းမွန်မှုရှိမရှိ၊ ရေသုတ်တံကောင်းမွန်မှုရှိမရှိ၊ တာယာကောင်းမွန်မှုရှိမရှိ၊ ယာဉ်မောင်းလိုင်စင်ဖြင့်မောင်းနှင်မှုရှိမရှိနှင့် လုပ်ငန်းလိုင်စင် ရယူထားခြင်းရှိမရှိတို့ကို စစ်ဆေးကြသည်။

(အောက်ပုံ) (ပြည်နယ်/ကညန)

လိမ္မော်ရောင်တို့ ဗိုလ်လုပွဲက စောင့်ပြီ ဥရုဂွေးတို့ အိပ်မက်ပျက်ပြယ်ခဲ့ရ



မောင်ချစ်ကြည် - ရေးသားသည်

ကိတ်ဗ်တောင်း ဇူလိုင် ၇

၂၀၁၀ ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲ ပွဲစဉ်(၁)အဖြစ် ဥရုဂွေးနှင့် နယ်သာလန်တို့ ဇူလိုင် ၇ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ နယ်သာလန်တို့က သုံးဂိုး-နှစ်ဂိုးနှင့် အနိုင်ရရှိကာ (၃၂)နှစ်အကြာတွင် နောက်ဆုံးဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် ပြန်လည်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲထွက်

နယ်သာလန်တို့က ဗန်ပါစီ၊ ရော်ဘင်၊ ရှနိုက်ဒါ၊ ဒီဗူး၊ ဘွန်မဲလ်နှင့် ဒရက်ကွတ်တို့ကို အဓိကထားပြီး ပွဲထွက်ခဲ့သည်။ ဥရုဂွေးကလည်း ဖော်လန်၊ ကာဗာနီ၊ ဂါဂါနို၊ ပီရက်စ်တို့ အားကိုးဖြင့် နယ်သာလန်တို့ကို ရင်ဆိုင်ခဲ့သည်။ ဥရုဂွေးက နယ်သာလန်ကို ခြေရည်တူကစားပြီး အနိုင်ရရေး မာမာတင်းတင်း တုံ့ပြန်ထိုးဖောက်ကစားခဲ့သည်။

အဖွင့်ဂိုး

နယ်သာလန်တိုက်စစ်မှူးများက အဖွင့်ဂိုး သွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ခံစစ်ကြောင်းကို လုံအောင်တည်ဆောက်ထားသော ဥရုဂွေးနောက်တန်းကိုကျော်ဖြတ်ရန် ခက်ခဲမှုဖြစ်ခဲ့သည်။ သို့သော် ပွဲချိန် ၁၈မိနစ်၌ နယ်သာလန်အသင်းခေါင်းဆောင် ဗန်ကရွန်ခရော့၏ ၃၅ကိုက်အကွာမှ အမှတ်မထင်ကန်သွင်းချက်ဖြင့် အဖွင့်ဂိုး ရရှိခဲ့သည်။ နယ်သာလန်တိုက်စစ်မှူးများက အထူးသဖြင့် ဘယ်တောင်ပံဘက်မှ အများဆုံး ထိုးဖောက်ကာ ဂိုးသွင်းခွင့်ရရှိရေး ကြိုးစားခဲ့သည်။

အကြိုဗိုလ်လုပွဲတွင် နယ်သာလန်မှ ရော်ဘင်(ဝဲ) ဥရုဂွေးဘက်သို့ တတိယဂိုးကို ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။

ချေပဂိုး

စောစီးစွာ အဖွင့်ဂိုး ပေးလိုက်ရသဖြင့် ဥရုဂွေးတို့ ကစားအားတင်ခဲ့ရာ နယ်သာလန်ဘက်သို့ အပြန်အလှန် ထိုးဖောက်ကာ ဂိုးသွင်းနိုင်ရေးတိုက်စစ်ဆင်ခဲ့သည်။ ပွဲချိန် ၃၁ မိနစ်၌ ဥရုဂွေးတိုက်စစ်မှူး ဖော်လန်က ၃၅ကိုက်အကွာမှပင် ကန်ချက်ပြင်းပြင်းဖြင့် ဂိုးသွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိသွားခဲ့သည်။ ဥရုဂွေးတိုက်စစ်မှာ ကွင်းလယ်ပံ့ပိုးမှုအားနည်းသဖြင့် နယ်သာလန်ခံစစ်ကြောင်း ဖြတ်ကျော်ကာ အပိုင်ဂိုးသွင်းနိုင်မှု အခွင့်အရေးနည်းခဲ့သည်။

ထပ်မံဂိုးသွင်း

ဒုတိယပိုင်းပွဲချိန်အတွင်း နယ်သာလန်တို့ ဂိုးထပ်မံရရှိရေးကြိုးစားခဲ့ရာ အထူးသဖြင့် ရော်ဘင်၏ထိုးဖောက်မွှေနှောက်မှုများကို ဥရုဂွေးခံစစ်မှူးများက ခက်ခဲစွာလိုက်လံတားဆီးနေခဲ့ရသည်။ ပွဲချိန် မိနစ် ၇၀၌ နယ်သာလန်ကွင်းလယ် ကစားသမား ရှနိုက်ဒါ ဂိုးဧရိယာအတွင်းမှ ကန်သွင်းရာ ဥရုဂွေးနောက်ခံလူ တစ်ဦးနှင့်ထိမိပြီး ဘောလုံးလမ်းကြောင်းပြောင်းကာ ဂိုးဝင်သွားမှုကြောင့် နယ်သာလန်တို့ ဒုတိယဂိုး ရရှိသွားခဲ့သည်။

တတိယဂိုး

ဥရုဂွေး ကစားကွက်တည်မရဘဲဖြစ်နေရာ ကွင်းလယ်နှင့် ရှေ့တန်းတွင် ဖော်လန်အား ထိရောက်သည့် ပံ့ပိုးမှုများ မပြုလုပ်နိုင်ခဲ့ချေ။ နယ်သာလန်တို့က ဆက်တိုက်နေရာစုံမှ ထိုးဖောက်ကစားခဲ့ရာ ၇၃ မိနစ်၌ ဒရက်ကွတ်ဘယ်တောင်ပံမှ ဂိုးရှေ့သို့ အနေတော်ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို ရော်ဘင်က ဂိုးဧရိယာအတွင်းမှ အပိုင်ခေါင်းတိုက်သွင်းလိုက်ရာ ဥရုဂွေးဂိုးသမား လှုပ်ရှားချိန်မရလိုက်ဘဲ ဂိုးပေးလိုက်ရပြန်သည်။

ဥရုဂွေးတို့ ကစားအားကျသလို ဖြစ်သွားခဲ့သော်လည်း ချေပဂိုးရရှိရေး အားတင်ခဲ့ရာ လေလွင့်ချိန်အတွင်း ဥရုဂွေးမှ ပီရဲရားက နယ်သာလန်ဂိုးဧရိယာအစပ်မှ ကန်သွင်းယူခဲ့သဖြင့် ဥရုဂွေးတို့ ဒုတိယချေပဂိုးရရှိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် နယ်သာလန်တို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲသို့ မှတ်တမ်းအသစ်တင်ကာ တက်ရောက်သွားခဲ့ခြင်းဖြစ်သည်။ ။

(အင်တာနက်)

ပလတ်စတစ်ဆန်ခါပိုက်ဖြင့် စပါးပျိုးထောင် စိုက်ပျိုးနည်း သရုပ်ပြ

ကွမ်းလုံ ဇူလိုင် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တောင်သူများ စပါးပျိုးထောင်ရာတွင် အချိန်၊ လုပ်အား၊ ငွေကြေးနှင့် မျိုးစေ့ချွေတာနိုင်ပြီး သီးနှံအထွက်တိုးစေနိုင်သည့် နည်းစနစ်တစ်ခုဖြစ်သော ပလတ်စတစ်ဆန်ခါပိုက်ဖြင့် စပါးပျိုးထောင်စိုက်ပျိုးနည်းစနစ်အား တောင်သူများသို့ လက်တွေ့သရုပ်ပြပွဲကို ဇူလိုင် ၂ရက် နံနက် ၁၀နာရီက နမ့်ဟူးကျေးရွာရှိ တောင်သူ ဦးလီလောက်ပေါင်၏ လယ်မြေ၌ ကျင်းပသည်။

လက်တွေ့သရုပ်ပြ

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမိုးကျော်စွာဝင်းက ပလတ်စတစ်ဆန်ခါပိုက်ဖြင့် စပါးပျိုးထောင်နည်း လုပ်ငန်းအဆင့်ဆင့်နှင့် ရရှိလာမည့်အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများက လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။ သရုပ်ပြပွဲသို့ ကွမ်းလုံခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးမြင့်အောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အတွင်း ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်မေမေ **ဒေါ်သန်းသန်းအေး** ၏ ၈-၇-၂၀၁၀ ရက်တွင် ကျရောက်သော ရက်မြတ်မင်္ဂလာမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချမ်းမြေ့သာယာသော ဘဝခရီးကို ချစ်ခင်ပွန်း၊ ချစ်သား၊ ချစ်သမီးတို့နှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ကျန်းမာပျော်ရွှင်စွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးများကို ရာသက်ပန် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်. . . .

ဖေဖေကြီး၊ သားကြီး၊ သမီးငယ်

(၁၀)နှစ်ပြည့် မင်္ဂလာဆုမွန်လွှာ

ထာဝရချစ်ခင်လေးစားရပါသော ဆရာ ဒေါက်တာလှမိုးသွင်နှင့် အစ်မ မသော်တာထွန်း(သုခဆေးခန်း)ပဲခူးမြို့တို့၏ ၁၇-၆-၂၀၁၀ရက်တွင် ကျရောက်ခဲ့သော (၁၀)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာဆီသို့ ချစ်သမီးကြီး ရွှန်းမြတ်မိုးသွင်နှင့် ချစ်သမီးငယ် သက်မြတ်မိုးသွင်တို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် နိုင်ငံ့အကျိုး၊ သာသနာအကျိုးတို့ကို သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ခြွေဂါရဝပြုလျက်-

ခင်ခင်ယု(ခ)ယု။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ဇူလိုင်ရက်တွင်ကျရောက်သော ကျေးဇူးရှင် မွေးမေမေ ဒေါ်တင်တင်အောင်၏ (၅၄)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော မိသားစုနှင့်အတူ သိုက်သိုက်ဝန်းဝန်းပျော်ရွှင်စွာဖြင့် တွေ့ကြုံလာသမျှ အခက်အခဲများကို အလွယ်တကူအောင်မြင်စွာ ဖြတ်ကျော်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်-

သားရဟန်း - ဦးဉာဏဓဇ
ချစ်ခင်ပွန်း - ဦးသောင်းအေး
ချစ်သားသမီးများ- ဦးမင်းဇော်ဦး-ဒေါ်ခင်ဥမ္မာအေး (ရွှေခြသေ့်မင်္ဂလာခန်းဝင်ပစ္စည်းဆိုင်)
- ဦးသူရကျော်-ဒေါ်ခင်စန္ဒာအေး (ရွှေခြသေ့်အထည်ဆိုင်၊ စံပြဈေး)
- ဦးကျော်ဇေယျာလင်း (ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကိုကိုးကျွန်းမြို့နယ်)- ဒေါ်ခင်ဇာခြည်လင်း
ချစ်မြေးများ - သံသာမိုးထက်၊ ပြည့်စုံမိုးထက်။

မခင်ထိပ်ထားကို (၄)နှစ်ပြည့် မွေးနေ့မင်္ဂလာ

၈-၇-၂၀၁၀ရက်တွင် ကျရောက်သော တစ်ဦးတည်းသော မြေး/သမီးလေး **ခင်ထိပ်ထားကို**၏ မွေးနေ့တွင် စစ်ကိုင်းစာသင်တိုက်ရှိ ဆရာတော်ကြီးနှင့် စာသင်သံဃာတော်များအား အရဏ်ဆွမ်း လှူဒါန်းခြင်းကြောင့် ဉာဏ်ပညာ ထူးချွန်ထက်မြက်သော မြေး/သမီး လိမ္မာလေး ဖြစ်ပါစေ-

ဖေဖေ - ဦးသန့်ဇင်ကို (ခေတ္တစင်ကာပူ)
ဘွားဘွား- ဒေါ်ခင်ပြုံး ၆၇/ခွန်နီ၊ သုဝဏ္ဏ။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်မိမိလေး ၁၀/ရမန(နိုင်) ဝ၈၂၃၈၇ပိုင်ဆိုင်သော ယာဉ်အမှတ် ဘ/၃၁၄၃၏ အခွန်ကျေပုံစံ(၁)အစိမ်းစာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၇၂၂၅၇၄။**

ကျေးဇူးဆပ်ပါမည်

ကျွန်မ မြင့်မြင့်ဦး၏ နိုင်ငံကူးလက်မှတ်အမှတ်-၃၆၁၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၁-၆၆၂၄၉၆။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးစိုးထွန်းရှိန် ၁၂/မဂတ(နိုင်)၀၄၅၇၄၄ပိုင်ဆိုင်သော ယာဉ်အမှတ်၂၈/၆၈၅၆၏ အခွန်ကျေပုံစံ(၁) စာရွက်အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၁-၅၃၄၉၆၁၊ ၅၂၆၀၄၅။**

ဖခင် အမည်မှန်

သံဖြူဇရပ်မြို့နယ်နေ အထက ထင်းရှူးမှ မဇင်သက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးတက်တိုး ၁၀/မလမ(နိုင်) ၀၇၇၇၃၉ ဖြစ်ပါကြောင်း။ **ဦးတက်တိုး။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်ထွန်းစံ ၁၂/ဒဂမ(နိုင်) ၀၂၀၃၇၀ သည် မိဘနှစ်ပါးနှင့်ညီအစ်ကို မောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်မယူပါ။ နောက်နောင် အနှောင့်အယှက်ပေးလာပါက ဥပဒေအရအရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးထွန်းရွှေ ၁၁/စတန(နိုင်)၀၄၂၅၆၃
ဒေါ်ငွေသူ ၁၂/ဒဂန(ပြု)၀၀၀၀၀၁

မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ရကတ/၂၀၆၄၇ ဟွန်ဒါဝေ့ဗ် ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးမိုးဝင်း ၁၂/တတန(နိုင်) ၀၄၃၂၄၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့။**

ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့်အဖွဲ့ ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေး ကြိုတင်ကာကွယ်ထားရှိမှုကို ဇွန်၁၃ရက်က ကြည့်ရှုစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုင်းယောင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကျင်းပ

မိုင်းယောင်း ဇူလိုင် ၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် မိုင်းယောင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇွန် ၁၅ရက် နံနက် ၉နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအရှေ့၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါ အခမ်းအနားအပြီးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မြို့နယ်ကော်မရှင်လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပရာ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းသန်းအောင်နှင့် အတွင်းရေးမှူး ဦးအားလွန်တို့က ၂၀၁၀ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများအကြောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား တာဝန်ပေးအပ်ခြင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း အမိန့်ညွှန်ကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားခြင်းနှင့်ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား သင်တန်းပို့ချနိုင်ရေး စီစဉ်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

စုပေါင်းစိုက်ပျိုး

လပွတ္တာခရိုင် လပွတ္တာမြို့နယ် ပြင်စလူမြို့စည်ပင်သာယာရေးအဖွဲ့၏ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ရက်က အောင်ခြင်းရှစ်ပါး ရေကန်အဝင်လမ်း၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး တင်မျိုးအောင်နှင့် အရာရှိကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းနှင့် အဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကျွန်းပင် ၂၀၀၀ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၁၀-၂၀၁၁ခုနှစ် စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇူလိုင်၇ရက်က အလုံမြို့နယ်ခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူဇော်က မြို့နယ်ဥက္ကဋ္ဌများအား စီမံကိန်းတာဝန်များပေးအပ်စဉ်။

(၁၀၃)

ဇွန် ၁၈ရက်က မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၁၄)ရပ်ကွက်အတွင်းရှိ ရေမြောင်းများတွင် ခြင်ဆေးမှုတ်ခြင်းနှင့် ပိုးလောက်လမ်း နှိမ်နင်းသည့်ဆေးထည့်ခြင်းကို အဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြရာ ခရိုင်ဥက္ကဋ္ဌနှင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအေးမြင့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး စုပေါင်းအစည်းအဝေးခန်းမတွင် ဈေးမီးဘေးလုံခြုံရေးအတွက် ဇူလိုင် ၂ရက်က မီးသတ်ဆေးဘူး သုံးစွဲမှု သရုပ်ပြခြင်းအခမ်းအနား ကျင်းပရာ မြန်မာသီဟကုမ္ပဏီမှ တာဝန်ရှိသူများ၊ သန်လျင်မြို့မဈေးမှတာဝန်ရှိသူများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့များ လက်တွေ့ငြိမ်းသတ်သရုပ်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မောင်တော၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲကျင်းပ

မောင်တော ဇူလိုင် ၆

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် သစ်တောဦးစီးဌာနတို့မှ ကြီးမှူး၍ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက် နံနက် ၇နာရီခွဲက ဘူးသီးတောင်-မောင်တောကားလမ်း မိုင်တိုင် (၁၃/၀)မှ (၁၄/၀)အတွင်း ကျင်းပသည်။

စိုက်ပျိုး

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းနိုင်လင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်သန်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ဦးနှင့် ဝန်ထမ်းများ စုစုပေါင်း ၆၂၆ဦးတို့သည် ကျွန်းပျိုးပင် ၃၀၀၊ ပျဉ်းကတိုး ပျိုးပင် ၁၀၀၊ မဟော်ဂနီပျိုးပင် ၁၀၀၊ ရေသင်းဝင် ပျိုးပင် ၅၀၀၊ စိန်ပန်းပျိုးပင် ၂၀၀ စုစုပေါင်း ပျိုးပင် ၁၂၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မအူပင်မြို့နယ် မလက်တိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲဖွင့်

မအူပင် ဇူလိုင် ၅

ဧရာဝတီတိုင်း မအူပင်မြို့နယ် မလက်တိုကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ပေးခဲ့သည့် အခမ်းအနားကို ဇွန်၂၈ရက် နံနက် ၁၀နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပရာ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် တာဝန်ရှိသူများက မလက်တိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အမှာစကား

ထို့နောက် ကျောင်းခန်းမ၌ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖွင့်လှစ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်က ကျောင်းအဆင့်တိုးမြှင့်ပေးရေးနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အလံများကို ကျောင်းအကျိုးတော်ဆောင်တစ်ဦးက အမှတ်(၁)အခြေခံပညာဦးစီးဌာန ဧရာဝတီတိုင်း ပညာရေးမှူးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ထံ ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးက အထက်တန်း ကျောင်း(ခွဲ) အဆင့် တိုးမြှင့်ဖွင့်လှစ် ပေးခဲ့ခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**

မြို့နယ်သတင်း ထွေတလာ

ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မ(၁)ရပ်ကွက် ကန်တော်ဦး မင်းလမ်း ရေပိတ်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ-၂ ဒေါ်တင်မာအေး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကြို့ပင်ကောက်၌ ပညာပေးဟောပြော

ကြို့ပင်ကောက် ဇူလိုင် ၂

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် ဈေးချိုတောရပ်ကွက် အရှေ့ဘုရားကြီးလမ်း မဟာလောကသီရိဘုရားကြီး ဓမ္မာရုံ၌ ဇွန် ၁၉ရက် နံနက် ၁၀နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူးဦးစီးအရာရှိ ဦးချစ်တင်က မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် ပိုင်ရှင်များနှင့် ပြည်သူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် ယာဉ်တိုက်ခိုက်မှုလျော့နည်းကျဆင်းစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အသိပညာပေး ရှင်းလင်းဟောပြောသည်။ အခမ်းအနားသို့ သာယာဝတီ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစီးအရာရှိ ဦးဌေးဝင်းနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်အုန်းတို့ တက်ရောက်ကြသည်။ **(အောက်ပုံ) (၁၈၀)**

ပြည်မြို့အတွင်းရှိ သမဝါယမအသင်းများ ဝင်ငွေကြေညာလွှာစုပေါင်းပေးအပ်

ပြည် ဇူလိုင် ၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်မြို့နယ် အခွန် ဦးစီးဌာနမှူးရုံး၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် ပြည်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ ဝင်ငွေကြေညာလွှာ စုပေါင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၉ရက် နံနက် ၉နာရီက ပြည်မြို့နယ် သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမအသင်း ၁၄သင်းမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ခရိုင်အခွန် ဦးစီးဌာနမှူး ဦးကျော်ကျော်လတ်က အမှာစကား ပြောကြားကာ သမဝါယမအသင်းများ၏ဝင်ငွေ ကြေညာလွှာများကို မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်ဦးက ပေးအပ်ရာ ပြည်မြို့နယ် အခွန် ဦးစီးဌာနမှူး ဦးစိုးလှမြင့်က လက်ခံယူသည်။ **(အပေါ်ပုံ)** **(မြို့နယ်ပြန်/ဆက်)**

ရွှေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

ကန့်ဘလူ ဇူလိုင် ၃

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၀ရက် နံနက် ၉နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမဆောင်၌ ကျင်းပရာ ရွှေဘိုခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ မြန်မာစာပါမောက္ခ(ငြိမ်း) ဦးမြအေးနှင့်အဖွဲ့ဝင်များ၊ ကန့်ဘလူမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။

ပို့ချ

အစီအစဉ်အရ ရွှေဘိုခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးမြအေးနှင့် ကန့်ဘလူမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်တို့က အမှာစကားပြောကြားပြီး သင်တန်း ဆက်လက်ပို့ချရာ ကော်မရှင်အဖွဲ့ခွဲလုပ်ငန်း လမ်းညွှန်၊ မဲရုံမှူးလုပ်ငန်းလမ်းညွှန်နှင့် မဲစာရင်းပြုစုခြင်း၊ ကြေညာခြင်း၊ ကြိုတင်မဲပေးခြင်းနှင့် မဲရုံဆောက်လုပ်ခြင်း စသည်တို့ကို ခရိုင်နှင့် မြို့နယ်အဖွဲ့ခွဲဝင်များက ပို့ချသည်။ (၀၂၇)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကျေးလက်ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများ ကယားပြည်နယ်ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇူလိုင် ၃

ကယားပြည်နယ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးဝင်းမောင်သည် ဇွန်၂၂ရက်က လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀- ၂၀၁၁ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ပန်ကန်းကျေးရွာနှင့် နမ့်ဘော်ဝမ် ကျေးရွာ ဆက်သွယ်သည့် အလျားပေ၃၄၀၀၊ အနံ၁၂ပေရှိ ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအတွက် ပစ္စည်းစုဆောင်းထားရှိမှုကိုလည်းကောင်း၊ ဇွန်၂၃ရက်က အလျားပေ၃၀၀၀၊ အနံ၁၀ပေရှိ ဆန်းဘွန်းကျေးရွာနှင့် လွိုင်ကော်မြို့သို့ဆက်သွယ်သော ကျေးလက်ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းအတွက် ပစ္စည်းစုဆောင်းထားရှိမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

ကျောက်ကြီးမြို့ပေါ်ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ဇွန် ၁၈ရက်က မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နွေစပါး စံကွက်ရိတ်သိမ်း

ညောင်ဦးခရိုင်တွင် ကြေးတိုင်မြေစာရင်းဦးစီးဌာနမှ ကြီးမှူး၍ ဇွန် ၁၉ရက်က နွေစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးရန်လင်းအောင်နှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ် ထွေ/အုပ်ဦးစီးဝန်ထမ်းမိသားစု ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇူလိုင် ၃

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၉ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဦးက အခြေခံပညာအထက်တန်းအဆင့်ရှိ ကျောင်းသားကျောင်းသူ ခုနစ်ဦး၊ အလယ်တန်းအဆင့် ၁၈ဦးနှင့် မူလတန်းအဆင့် ၁၇ဦးတို့အတွက် ငွေကျပ် ၂၀၀၀၀၀ ထောက်ပံ့ပေးအပ်သည်။ **(သတင်းစဉ်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဆိုလာစွမ်းအင်သုံးလေယာဉ် စမ်းသပ်ပျံသန်း

ကောင်းမြတ်သူ ရေးသားသည်

မြန်မာ့အလင်း ခေတ်သစ်တီထွင် ကမ္ဘာတစ်ခွင်

ဂျီနီဗာ ဇူလိုင် ၇

ဆွစ်ဇာလန်လေကြောင်း သိပ္ပံပညာရှင်အဖွဲ့သည် နေစွမ်းအင်ခေါ် ဆိုလာစွမ်းအင်အသုံးပြုပြီး လေယာဉ် စမ်းသပ်ပျံသန်းမှုကို ၂၄နာရီကြာ ပြုလုပ်ခဲ့ကြောင်း ဇူလိုင် ၇ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဖြည့်ဆည်းပေးနိုင်

အဆိုပါ ဆိုလာစွမ်းအင်သုံးလေယာဉ်သည် ညအခါ လေယာဉ်တောင်ပံများအတွင်း ဆိုလာဆဲလ်ဘက်ထရီများ ထည့်သွင်းအသုံးပြုပြီး စမ်းသပ်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလေယာဉ်သည် ကားငယ်တစ်စီးစာ အလေးချိန်ရှိကြောင်း၊ အမြင့်ပေ ၂၇၉၀၀မှ ပျံသန်းခဲ့ကြောင်း၊ နေရောင်ခြည် စွမ်းအင် ပြတ်တောက်သွားချိန် ဆိုလာဆဲလ်ဘက်ထရီများမှ လိုအပ်သောစွမ်းအင်ကို ထုတ်ပေးနိုင်ခဲ့ကြောင်း ဆွစ်ဇာလန်နိုင်ငံအနောက်ပိုင်း ပေးမီလေဆိပ်မှ လေယာဉ်မှူး အင်ဒရီဘော့ဘတ်က ပြောကြားသည်။

အဆိုပါ ဆိုလာစွမ်းအင်သုံးလေယာဉ်ကို ဇူလိုင် ၇ရက်က ဆွစ်ဇာလန်နိုင်ငံအနောက်ပိုင်း ပေးမီလေဆိပ်မှ လေယာဉ်မှူး ဘော့ဘတ်က ဒေသစံတော်ချိန် နံနက် ၆နာရီ မိနစ် ၅၀တွင် ၂၄နာရီကြာ စမ်းသပ်မောင်းနှင်ခဲ့ခြင်းဖြစ်သည်။ *အင်တာနက်*

စာရင်းစစ်များ ကျွမ်းကျင်မှုသင်တန်းဆင်းပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၇

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၂) ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း နေပြည်တော်၌ ကျင်းပရာ စာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၅ ❒

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေကို စာမျက်နှာ (၄)တွင် ဖော်ပြထားပါသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၇-၇-၂၀၁၀

နေပြည်တော် (ပျဉ်းမနား)	၀ ဒသမ ၄၃ လက်မ
ဘီးလင်းမြို့	၆ ဒသမ ၁၈ လက်မ
မိုင်းဆတ်မြို့	၃ ဒသမ ၆၆ လက်မ
သံတောင်ကြီးမြို့	၂ ဒသမ ၇၂ လက်မ